မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၈၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတက်ရောက်ပြီး ပူးတွဲကြေညာချက်လက်မှတ်ရေးထိုး

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် မတ် ၃၁ရက် နံနက် ၉ နာရီ ၂၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel Convention Hall Zone (A) ၌ ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဖွန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ဟာရူဟီကိုကူရိုဒါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးကိုယ်စားလှယ်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သံတမန်အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌတို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဧပြီ ၂ ရက်)

မဟာမဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ မတ်လ ၃၀ ရက်နေ့မှ ၃၁ရက်နေ့အထိ ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Choummaly Sayasone အား မတ်လ ၃၁ရက်နေ့တွင် ဗီယင်ကျန်းမြို့ရှိ သမ္မတနန်းတော် ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဖြစ်ပေါ်တိုးတက်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယင်ကျန်းမြို့၌ မတ်လ ၃၀ ရက်နေ့က ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် မဲခေါင်ဒေသတွင်း ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ တိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများ၊ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး သဘောတူညီချက်အကောင်အထည်ဖော်ရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ ဖြစ်နိုင်ဖွယ်ရှိသောအခန်းကဏ္ဍများ၊ ပို့ကုန်ဈေးကွက်တွင် မဲခေါင်ဒေသ အသေးစားနှင့်အလတ်စားလုပ်ငန်းများ တိုးမြှင့်ပါဝင်ဆောင်ရွက်ရေးတို့ကို သက်ဆိုင်ရာအဖွဲ့၏ နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြသည်။

မဲခေါင်ဒေသတွင်း နိုင်ငံများသည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူစေရေး မဟာဗျူဟာဘောင်စီမံကိန်းကို တစ်နိုင်ငံချင်းအနေဖြင့်သာမက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံသည်လည်း မဲခေါင်ဒေသတွင်းနိုင်ငံများဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်။

မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေးအပါအဝင် အခြားအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုသာမက ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်စေလျက်ရှိသည်။ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရာတွင် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များသည် ဒေသတွင်း ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများ အပြန်အလှန်အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ဉာဏ်ချိန်ခွင်နှင့် ဓမ္မဒါသတရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၅-၁း၅၅	INDUSTRIAL TALK [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈း၃၅-၂း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၀-၃း၀၀	ဇင်းကျိုက်တောင်ပေါ် စေတီတော် မဟာအောင်ဇောဓိဟုခေါ်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	(၃၃)ကြိမ်မြောက် နိကာယ်သာသနာတော် ထွန်းကားရေးအသင်း စာအောင်ထူးချွန်ဘွဲ့ရ အရှင်သူမြတ်တို့အား ပူဇော်ပွဲ
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	Midweek Sports News
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	လှပခန့်ထည်အလှဆင် ခေတ်မီတိုက်တာအသွင်
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	လှပသစ်ဆန်း အလှပြင်ခန်း (IMAGE Face & Body Care)
၁၁း၀၅-၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဘရိတ်ကီ လန်းတဲ့ နန်းဆုသကြီန်" ဗီဒီယိုဇာတ်ကား ရိုက်ကွင်းအမှတ်တရ
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	စားချင်စဖွယ် နည်းအသွယ်သွယ်(European Style Set Menu)
၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	A day with Aye Nan Lin) (အေးနန်းလင်းနှင့် တစ်နေ့တာ)
၁၂း၂၅-၆း၂၅	International Video Topics (ဉာဏ်ကြီးရှင်ကြွက်များ)
၁၂း၄၅-၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀-၆း၅၀	ခေတ်မီလှပ မင်္ဂလာပရိဘောဂ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

Champions League (Semi-Final) ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Arsenal - Liverpool	ESPN(Live)
	Fenerbahce - Chelsea	Star Sports(Live)

မြဝတီရုပ်မြင်သံကြား

၂-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာ့သံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသင်္ကြန်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	မြန်မာသင်္ကြန်
၅း၂၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀	၈။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မြန်မာသင်္ကြန်
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း-၃၅)
၇း၀၀	၁၅။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၈၆)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသ သတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ဘဝဇာတ်ခုံ** (အပိုင်း-၆)

ရန်ကုန်တိုင်း ကြည့်မြင်တိုင် ကျောင်းကြီးတိုက် မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ စတုတ္ထအကြိမ်နှစ်ဦး ဗုဒ္ဓပူဇနိယပွဲတော်အကြို ဒုတိယအကြိမ်မြောက် အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲကို မတ်၃၀ရက်က ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်ရှေ့တွင် ကျင်းပရာ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဦးနှင့်ကျောင်းကြီးတိုက် ဦးစီးကော်မတီဥက္ကဋ္ဌဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၂၃)

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၇)ထုတ်ဝေ

ရန်ကုန် ဧပြီ ၁

မြန်မာ့ဆယ့်နှစ်လရာသီ၏ နောက်ဆုံးလဖြစ်သော တပေါင်းလ မိန်ရာသီ အခါသမယတွင် အင်ကြင်းပန်း၊ သရဖီပန်းနှင့် ပိတောက်ပန်းတို့၏ မွှေးရနံ့နှင့်အတူ ကျေးလက်ပြည်သူ တောင်သူဦးကြီးတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတ အဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာ ဂျာနယ် အတွဲ(၅)၊ အမှတ် (၇)ကို ဧပြီ ၁ရက်က ထုတ်ဝေလိုက်ပြီ ဖြစ်သည်။

ယခုအပတ် ဂျာနယ်တွင် သစ်သီးဥယျာဉ်ခြံ တည်ထောင်လိုလျှင်၊ ဖရဲသခွားစိုက်ပျိုးရေး နိုင်ငံခြားငွေရှာဖွေပေး၊ ပဲပုပ်စိုက်ပျိုးဝင်ငွေတိုး၊ဓာတ်ပေါင်းစုမြေသြဇာပြုလုပ်နည်းစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ခွာနာလျှာနာရောဂါ ကာကွယ်ကုသပါ၊ ဒေသခံခိုင်းနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးစသည့် မွေးမြူရေး ဆောင်းပါးများ၊ ဘီပိုးနှင့်စီပိုး တစ်ချိန်တည်းအားလုံး ပျောက်ရန်၊ တစ်ပိုင်တစ်နိုင်စိုက်သင့်သော ဆေးဖက်ဝင်ချင်း(ဂျင်း)၊ သွေးသည် အသက်စသည့် ကျန်းမာရေးဆောင်းပါးများ၊ အမေရိကန် တပ်မတော်အတွင်း မိမိကိုယ်ကို သတ်သေမှု တိုးမြင့်လာ၊ ကျန်းမာဖို့ စာဖတ်စို့၊ အောင်မြင်ကြောင်းတရား၊ ညည်းညူနေခြင်းဟာ ထွက်ပေါက်မဟုတ်ဘူး၊ အားထည့်ထားတဲ့အလုပ်ကမှ ထွက်ပေါက်၊တန်ခူးလအခါသမယသို့ရောက်ပြီ၊ အလံအုပ်ကျေးရွာနှင့် အမွေးတိုင်လုပ်ငန်း စသည့် အသိပညာပေးဆောင်းပါးများအပြင် ဟာသ၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများဖြင့် သုတရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ငွေကျပ်၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဆက်သွယ်နိုင်

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်၂၂၈ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၇၁၃၄၀၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ်-၄၂/၉၈ စက်မှုဇုန်(၁)ရွှေပြည်သာမြို့နယ်နေ ဦးထွန်းအောင် (မြို့နယ်စာရင်းစစ်အရာရှိ-ငြိမ်း)- ဒေါ်အေးမြမိသားစုက ဒေါ်အေးမြ (၇၁)နှစ်ပြည့် မွေးနေ့နှင့် သမီး အေးအေးမွန်(၃၁)မြောက်အား ရည်စူး၍ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို တပေါင်းလပြည့်နေ့က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးခင်ငြိမ်း လက်ခံယူစဉ်။(က-ပ)

တစ်စိတ်ဝမ်းတစ်လက်ညီ ကိုယ်စီကုသိုလ် ထိုထိုအမျှရယူကြ (၂)

(ယမန်နေ့ကအဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ပြဋ္ဌာန်းခြင်း၊ အမိန့်ကြော်ငြာစာအမှတ် (၄၂/၉၁)ကို ၁၃၅၃ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၁)ရက် (၂၄-၁၀-၁၉၉၁)ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုအမိန့်ကြော်ငြာစာအရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ရဟန်းသံဃာတော်များအား လက်ရှိဆက်ကပ်လှူဒါန်းလျက်ရှိသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များအပြင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတည်းဟူသော သာသနာတော်သုံးရပ် တိုးတက်ပြန့်ပွားစည်ပင်စေရန် ဂန္ထဓုရ-ပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ-ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်ခြင်းပြုနိုင်ရန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ပြဋ္ဌာန်းခဲ့ပါသည်။

ထိုဘွဲ့တံဆိပ်တော်များမှာ စာချဆရာတော် ဘွဲ့တံဆိပ်တော်သုံးမျိုး၊ ကမ္မဋ္ဌာန်းနည်းပြ ဘွဲ့တံဆိပ်သုံးမျိုး၊ ဓမ္မကထိက ဘွဲ့တံဆိပ်နှစ်မျိုး၊ သာသနာပြုဘွဲ့တံဆိပ်လေးမျိုး၊ အမျိုးသား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်လေးမျိုး၊ အမျိုးသမီးသာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်လေးမျိုးတို့ဖြစ်၍ ဂုဏ်အင်္ဂါအရည်အချင်းများကိုလည်း အသီးသီးသတ်မှတ်ခဲ့ပါသည်။

သာသနာတော်အကျိုးကို ကြိုးကြိုးစားစား သယ်ပိုးထမ်းဆောင်တော်မူကြသော ဆရာတော် သံဃာတော် မထေရ်မြတ်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဥပါသကာ၊ ဥပါသိကာ များသည် ဂုဏ်ကျေးဇူးကြီးမားလှပါပေသည်။ သာသနာတော် သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးကို မဆုတ်မနစ် အားအသစ်အသစ် တိုးမြှင့်ကြိုးပမ်း အားထုတ်ကြပါပေသည်။

ရတနာဟူသည်မှာ နှစ်သက်မြတ်နိုးခြင်းကိုဖြစ်စေ၍ အဖိုးများစွာ ထိုက်တန်ပြီး ရခဲလှသောသဘောရှိပါသည်။ လောကီရတနာများထက် လောကုတ္တရာရတနာများက မနှိုင်းယှဉ်သာအောင် ပိုမို၍ အဖိုးထိုက်တန်လှပါသည်။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတို့သည်ကား အမြတ်ဆုံးသော ရတနာများပင် ဖြစ်ပါသည်။

ဗုဒ္ဓရှင်တော်တို့သည် သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ စတုသစ္စဗုဒ္ဓ၊ သုတဗုဒ္ဓဟူ၍ လေးမျိုးရှိကြောင်း ကျမ်းဂန်များတွင် ဖော်ပြထားပါသည်။ ပိဋကသုံးတန် ကျမ်းဂန်များ၌ ဗဟုသုတ အကြားအသိအမြင် အလွန်များ၍ ပညာရှိသော သံဃာတော်များသည် သုတဗုဒ္ဓအရာ၌တည်သော ဘုရားရတနာများပင်ဖြစ်ပါသည်။ ဓမ္မရတနာများ ကိန်းဝပ်ရာ အပူဇော်ခံထိုက်သော ဓမ္မစေတီများလည်း ဖြစ်ပါပေသည်။

ဓမ္မရတနာကို ဆောင်ထားတော်မူကြသော ပုဂ္ဂိုလ်မြတ်များကို ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်ခြင်း၊ အရိုအသေပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်းသည် တရားတော်အားပူဇော်ခြင်း၊ ဓမ္မပူဇာကောင်းမှုပြုသည် မည်ပါပေသည်။ တစ်နည်းအားဖြင့် ဓမ္မရတနာဖြစ်သော သာသနာတော်မြတ်ကြီးကိုသန့်ရှင်းစင်ကြယ်အောင်၊ စည်ပင်ထွန်းကား ပြန့်ပွားအောင် စောင့်ရှောက်ခြင်းလည်း မည်ပါပေသည်။

ထို့ကြောင့်ပင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွင် သာသနာတော်ဆိုင်ရာ ဆုတံဆိပ်တော်များကို တိုးမြှင့်၍ နှစ်စဉ်မပြတ် လှူဒါန်းပူဇော်ခဲ့ရာ ယခုနှစ်တွင်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ ခုနှစ် ဇန်နဝါရီ၄ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ကို ထုတ်ပြန်ကြေညာပြီး အောက်ဖော်ပြပါအတိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို လှူဒါန်းခဲ့ပါသည် -

- အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃-ပါး
- အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆-ပါး
- အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၂၈-ပါး
- အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၄-ပါး
- မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၀-ပါး
- မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင် ၄-ပါး
- မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် ၂-ဦး
- သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၉-ပါး
- သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင် ၂-ပါး
- သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် ၁-ဦး
- အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၄၅-ပါး
- အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင် ၄-ပါး
- မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၅၂-ပါး
- မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင် ၃-ပါး
- ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၅၉-ပါး
- ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင် ၇-ပါး
- အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၉-ပါး
- မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၄-ပါး
- ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၈-ပါး
- မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁-ပါး
- ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၇-ပါး
- အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ အမျိုးသား ၆-ဦး
- အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၆-ဦး
- သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ အမျိုးသား ၃-ဦး

ဥပဋ္ဌာကတစ်ဦး

ဆွမ်းဆန်စိမ်းလောင်းလှူ

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။

- သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၅-ဦး
- သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ အမျိုးသား ၃-ဦး
- သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၂-ဦး
- သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ အမျိုးသား ၂၄-ဦး
- သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၃၁-ဦး

စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ် ၄၃၈ဦး ဖြစ်ပါသည်။ ထို ၄၃၈ဦးတွင် ပြည်ပမှ ဆရာတော်ကိုးပါး၊ သီလရှင် တစ်ပါး၊ လူပုဂ္ဂိုလ် တစ်ဦး ပါရှိပါသည်။

လူတို့ လိုက်နာကျင့်ကြံအားထုတ်အပ်သော ကောင်းကျိုးတရားများ ရရှိစေနိုင်သည့် မင်္ဂလာတရားတော်များတွင် ပူဇာစပူဇနေယျာ-ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါသည်။ ပူဇော်ထိုက်သူ မှန်သမျှကို ဓမ္မပူဇာ၊ အာမိသပူဇာတို့ဖြင့် ပူဇော်ခြင်း၊ ချီးကျူးဂုဏ်ပြုခြင်း၊ ဝမ်းမြောက်စကားပြောကြားခြင်း၊ အရိုအသေပြုခြင်းတို့သည် ပြုကျင့်သင့်သော ကောင်းမှုကုသိုလ် ဖြစ်ပါသည်။ ပစ္စုပ္ပန်ရော သံသရာမှာပါ ကြီးပွားရာ ကြီးပွားကြောင်း ကောင်းမြတ်သောအမှုအလုပ် ဖြစ်ပါသည်။

သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သိက္ခာသုံးရပ် ခိုင်ခိုင်ခံ့ခံ့ရှိသော ထိရဂုဏ်နှင့်ပြည့်စုံသည့် မထေရ်မြတ်များ၊ ကြာမြင့်စွာသော ကာလက ရှင်ရဟန်းဖြစ်တော်မူကုန်သော၊ တစ်နည်းအားဖြင့် အသက်သိက္ခာကြီးတော်မူကုန်သော ရတ္တညုမထေရ်ကြီးများ၊ သံဃာတော်များ၏ ဖခင်သဖွယ်ဖြစ်ကြကုန်သော၊ သံဃာတော်များ၏ အကြီးအမှူးဖြစ်ကုန်သော မထေရ်မြတ်ကြီးများကို အရိုအသေ၊ အလေးအမြတ် ပြုကုန်သည်ဖြစ်အံ့၊ မြတ်နိုးပူဇော်ကြကုန်သည် ဖြစ်အံ့၊ ထိုသို့သော အမှုကိစ္စကိုပြုနေသမျှ၊ ဆောင်ရွက်နေသမျှ ကာလပတ်လုံး သာသနာတော်ထမ်း ရှင်ရဟန်းတို့ ကြီးပွားကြောင်းသာ ဖြစ်၏။ သာသနာတော် အရှည်တည်တံ့စေရန် အကျင့်ကောင်းတစ်ခုဖြစ်၏ဟူ၍ သိရှိမှတ်သားရပါသည်။

ထို့ကြောင့်ပင် နိုင်ငံတော်၌ သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားထွန်းကားတိုးတက်ရေးတို့အတွက် ကောင်းစွာကျင့်ကြံအားထုတ်နေကြသော သာသနာပြုပုဂ္ဂိုလ်တို့အား ပူဇော်ခြင်း၊ စောင့်ရှောက်ခြင်း၊ ချီးမြှောက်ခြင်း၊ အားပေးပြုစုခြင်း စသည်များ ဆောင်ရွက်နေသမျှ တိုင်းပြည်နှင့်လူမျိုးသည် လည်းကောင်း၊ သာသနာတော်မြတ်ကြီးသည် လည်းကောင်း ကြီးပွားတိုးတက်နေမည်သာ ဖြစ်ပါသည်။ အမြတ်ဆုံးရတနာသုံးပါးတို့နှင့် သန့်ရှင်းထွန်းတောက်နေသော နိုင်ငံတော်ကြီးသည် ရတနာသုံးပါးတို့၏ အဖိုးမဖြတ်နိုင်သော ဂုဏ်ကျေးဇူးတို့ကြောင့် အဖျက်ဘေးရန် အန္တရာယ်အနှောင့်အယှက်များ ကင်းငြိမ်းလျက် အေးချမ်းသာယာထွန်းကား တိုးတက်မည်မှာ အမှန်ဖြစ်ကြောင်း ယုံကြည်ထားပါသည်။ အမြတ်ဆုံးဖြစ်သော ရတနာများကို ပူဇော်လေ့ရှိသူများမှာ အမြတ်ဆုံးသောကောင်းမှု အဂ္ဂပုညရှင်များဖြစ်၍ အမြတ်ဆုံးသော ကောင်းကျိုးအဂ္ဂဝိပါကများသာ အကျိုးပေးမည်မှာ ဧကန်စင်စစ် ဖြစ်ပါပေသည်။

ယခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားကို ၁၃၆၉ ခုနှစ် တပေါင်းလပြည့် ၂၀၀၈ ခုနှစ် မတ် ၂၁ရက် သောကြာနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ပါသည်။ တစ်ဆက်တည်းပင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကိုလည်း ကျင်းပခဲ့ပါသည်။

သာသနာတော်မည်သည် သာသနာတော်ကို ကြည်ညိုသော မင်းအစိုးရတို့အား အမှီပြု၍ တည်တံ့ပြန့်ပွားသည်ဟု ဟောမိန့်ထားပါသည်။ သာသနာပြုအစိုးရမင်းတို့၏ ဦးဆောင်မှုဖြင့် ပြည်သူပြည်သား စေတနာရှင်များကလည်း ယုံကြည်မှု ကြည်ညိုမှု သဒ္ဓါတရား၊ နှီးဆော်တိုက်တွန်းအားထည့်မှု စေတနာတရားတို့တွင် လေးနက်မှု၊ ထက်မြက်မှု၊ သန်စွမ်းမှုအားအရှိန် အဓိပတိတပ်လျက် ကုသိုလ်ကောင်းမှုပြုကြသဖြင့် အကျိုးပေးမှုသည်လည်း ထက်သန်လှမည်ပင် ဖြစ်ပါသည်။ ကုသိုလ်ရှင် ပြည်သူအများသည် ကုသိုလ်လုပ်ငန်းများကို မရောင့်ရဲနိုင်လောက်အောင်ပင် ကုသိုလ်အထု ပျားနှယ်စုလျက် အထပ်ထပ်ပြုကြရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် နိုင်ငံတော်ကဦးဆောင်ကာ အမြတ်ဆုံးဖြစ်သော ရတနာသုံးပါး သာသနာတော်ပူဇော်ပွဲကြီး ကျင်းပလျက် ပစ္စယဓမ္မ နှစ်ဝ ကုသိုလ်ပြုကြရာတွင် မထေရ်သံဃာ တကာပြည်သူများသည် နိဗ္ဗာန်ရောက်သည်အထိ အမြတ်ဆုံးသော ကောင်းမှု၏ အကျိုးရရှိခံစားနိုင်ရေးအတွက် တစ်စိတ်ဝမ်း တစ်လက်ညီ ကိုယ်စီကုသိုလ် ထိုထိုအမျှရယူကာ တက်ကြွရွှင်လန်း လှူဒါန်းပူဇော်သင့်ကြပါသည်။ ။

ဘုရှ်အစိုးရ၏ ငွေကြေးဆိုင်ရာ အဆိုပြုချက်များ ဟီလာရီကလင်တန်ဝေဖန်ထောက်ပြ

ဝါရှင်တန် ဧပြီ ၁

အမေရိကန် ငွေကြေးဈေးကွက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လှန်လှောပစ်မည့် သမ္မတဘုရှ်အစိုးရ၏ အစီအစဉ်များမှာ လက်တွေ့အောင်မြင်ရန် အလှမ်းကွာနေသည်ဟု ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်က မတ် ၃၀ရက်တွင် ဝေဖန်ပြောကြားလိုက်ပြီး သူမ၏အစီအစဉ်ကို ထုတ်ဖော်ကြေညာလိုက်သည်။

ပြောကြား

အကျိုးစီးပွားချင်း ဝိရောဓိမဖြစ်ရေးအတွက် အပေါင်ချေးငွေများ ထုတ်ချေးသူများကို ထိန်းသည့်စံနှုန်းသစ်များ သတ်မှတ်ပေးရန်နှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများကို စည်းကမ်းသတ်မှတ်ရန် ဗဟိုဘဏ်ကို လက်ငင်းအာဏာများ ပိုပေးသင့်ကြောင်း နယူးယောက် အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်က ပြောကြားလိုက်သည်။

တွေ့ဆုံမေးမြန်း

ငွေကြေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း ကျယ်ပြန့်စွာပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဟင်နရီပေါလ်တန်က ထုတ်ဖော်မကြေညာမီ တစ်ရက်အလိုတွင် ဟီလာရီကတွေ့ဆုံမေးမြန်းခန်းတစ်ခု၌ အထက်ပါအတိုင်း ဝေဖန်ထောက်ပြပြီး သူမ၏အမြင်ကို ပြောကြားလိုက်ခြင်းဖြစ်သည်။

အကြိတ်အနယ်

ဟီလာရီသည် နိုဝင်ဘာလအမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ် ဝင်ရောက်ရေးအတွက် အိုဘားမားနှင့် အကြိတ်အနယ် စည်းရုံးမဲဆွယ်လျက်ရှိသည်။

ဝေဖန်

အမေရိကန်ငွေရေးကြေးရေး ဘဏ္ဍာရေးကိစ္စများ ကိုင်တွယ်ရန် ကော်မရှင်တစ်ရပ်ဖွဲ့စည်းမည့် သမ္မတဘုရှ်အစိုးရ၏ အဆိုမှာလည်း များစွာနောက်ကျသွားပြီဖြစ်ကြောင်း ဟီလာရီကဝေဖန်လိုက်သည်။ အမ်အင်န်အေ၊ ရိုက်တာ

ပါလက်စတိုင်းတို့ ဖမ်းထားသော အစ္စရေးတပ်ဖွဲ့ဝင် အသက်ရှင်နေဆဲဟု ဟားမတ်စ်အဖွဲ့ပြောကြား

ဂါဇာ ဧပြီ ၁

၂၀၀၆ ခုနှစ်က ပါလက်စတိုင်း စစ်သွေးကြွများဖမ်းဆီးထားသော အစ္စရေးတပ်ဖွဲ့ဝင် ဂီလက်ရှာလစ်(အောက်ပုံ)သည် အသက်ရှင်နေဆဲဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့ ခေါင်းဆောင်က ပြောကြားသည်ကို မတ် ၃၁ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တပ်ကြပ်ကြီးရှာလစ်သည် ကျန်းမာစွာနေထိုင်လျက်ရှိကြောင်း ဗြိတိန်မှစကိုင်းနယူးရုပ်မြင်သံကြား မေးမြန်းခန်း၌ ဖော်ပြသည်။

ပြီးခဲ့သည့်နှစ်တွင် ဟားမတ်စ်အဖွဲ့က အစ္စရေးတို့ဖမ်းဆီးထားသော ပါလက်စတိုင်း ၄၅၀နှင့် ရှာလစ်အားလဲလှယ်မှု ပြုလုပ်ရန် စာတစ်စောင် အစ္စရေးအစိုးရထံ ပေးပို့ခဲ့သည်ဟုဆိုသည်။ သို့သော်လည်း အစ္စရေးက ပြန်ကြားရာတွင် ဖမ်းဆီးထားသူများအား ပြန်လွှတ်မပေးနိုင်ဟုဆိုသည်။

စောင့်ရှောက်

အစ္စရေးတပ်ဖွဲ့ဝင် ဂီလက်ရှာလစ်သည် အသက်ရှင်နေဆဲဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၎င်းအား ကောင်းစွာပြုစုစောင့်ရှောက်ထားကြောင်း၊ သို့သော်လည်း အစ္စရေးတို့အနေဖြင့် ပါလက်စတိုင်း အကျဉ်းသားများအား ဆိုးရွားစွာဆက်ဆံနေကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

အခြားအစ္စရေး တပ်ဖွဲ့ဝင်နှစ်ဦးသည် ဂါဇာမှဟားမတ်စ်နှင့် ပါလက်စတိုင်းတို့၏ စစ်ဆင်ရေးတိုက်ခိုက်မှုတွင် သေဆုံးသွားသည်ဟု ဆိုသည်။ **(အင်တာနက်)**

မီးလောင်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ နယူးယောက်မြို့ မောင့်ဗာနွန် အရပ်တွင်ဓာတုဗေဒပစ္စည်းထုတ် စက်ရုံတစ်ရုံမီးလောင်မှုဖြစ်ပွားနေသည်ကို မတ် ၃၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

မသိလို့ပါ . . . .

မူလတန်းကျောင်းတစ်ကျောင်းသို့ ပညာရေးဆိုင်ရာ စစ်ဆေးရေး အရာရှိများရောက်ရှိလာပြီး ကျောင်းသူကျောင်းသားများ၏ သင်ကြားတတ်မြောက်မှုကို မေးမြန်းလေသည်။

အရာရှိ ။ ။ သားနာမည်ဘယ်လိုခေါ်သလဲ ။

ကျောင်းသား ။ ။ စမစ်ပါ။

အရာရှိ ။ ။ ကဲ. . . ၅၅ ကိုရေးပြပါကွာ။

ကျောင်းသား ။ ။ ဘယ်လိုရေးရမလဲဆရာ။

အရာရှိ ။ ။ ၅ ဂဏန်းတစ်လုံးကို အရင်ရေးပြီးနောက်တစ်ဖက်မှာ ၅ ဂဏန်းတစ်လုံးရေးလိုက်ပေါ့။ [စမစ်က ၅ဂဏန်း တစ်လုံးရေးပြီး ဆက်မရေးဘဲ စဉ်းစားနေရာ။]

အရာရှိ ။ ။ ဆက်ရေးလေ စမစ် . . . ဘာတွေစဉ်းစားနေတာလဲ။

ကျောင်းသား ။ ။ နောက် ၅ ဂဏန်းတစ်လုံးက ဘယ်ဖက်ကရေးရမလဲ မသိလို့ပါ။

အရာရှိ ။ ။ "ဟေ"။

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

သက်ဆုံးတိုင် ရွှေလက်တွဲလိုပါသော်လည်း...

စိန့်ပီတာစဘတ်မြို့သည် ရုရှားနိုင်ငံတွင် တည်ရှိသည့် မြို့ကြီးဖြစ်သည်။ ထိုမြို့တွင် နေထိုင်သော ဘောရစ်ရိုဇက်စကင်ဆိုသူနှင့် အယ်လ်ဗီယာရိုဇက်စကင်ဆိုသူ အမေရိကန် လူမျိုးနှစ်ဦးမှ လီယိုနစ်ရိုဇက်စကင်(ယာပုံ)ကို ၁၉၆၆ ခုနှစ်က မွေးဖွားခဲ့သည်။

ရုန်းကန်လှုပ်ရှား

မိခင်ဖြစ်သူ အယ်လ်ဗီယာသည် လီယိုနစ် ၁၄နှစ်သားအရွယ် ၁၉၈၀ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သို့ ပြောင်းရွှေ့အခြေချခဲ့သည်။ ဖခင်ဖြစ်သူ ဘောရစ်မှာ အမေရိကန်သို့ မလိုက်ဘဲ ရုရှားတွင်သာနေခဲ့သဖြင့် သူတို့သားအမိနှစ်ဦးသာ အမေရိကန်တွင် ရုန်းကန်လှုပ်ရှားခဲ့ကြရသည်။

အသီးသီးရရှိ

အယ်လ်ဗီယာအနေဖြင့် ရုန်းကန်ရကြိုးနပ်ခဲ့သည်။ အကြောင်းမှာ လီယိုနစ်သည် ပညာကြိုးစားပြီး ထူးချွန်ထက်မြက်သော သားလိမ္မာတစ်ဦးဖြစ်သောကြောင့်ဖြစ်သည်။ လီယိုနစ်သည် အမေရိကန်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်များဖြစ်သည့် ဟားဗတ်တက္ကသိုလ်မှ ဥပဒေဂုဏ်ထူးဘွဲ့နှင့် ကိုလံဘီယာတက္ကသိုလ်မှ အသုံးချသင်္ချာဂုဏ်ထူးဘွဲ့များကိုရရှိကာ ပညာတော်သင်ဆုများကို အသီးသီးရရှိခဲ့သည်။

တည်ထောင်

လီယိုနစ်၏ ထူးချွန်ထက်မြက်မှုကြောင့်ပင် သူသည် ၁၉၉၀မှ ၁၉၉၅ ခုနှစ်အထိ အမေရိကန်နှင့် ရုရှားနိုင်ငံများတွင် ဥပဒေပညာရှင် အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၈ခုနှစ်အထိ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းသည့် ကုမ္ပဏီကြီးကို အခြားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွဲဖက်တည်ထောင်ခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် လတ်ဗီးယားနိုင်ငံ၌ ဘဏ်လုပ်ငန်းတည်ထောင်ပြီး ယင်းလုပ်ငန်း၏ ဥက္ကဋ္ဌ ဖြစ်လာသည်။

ဖြစ်လာ

လီယိုနစ်သည် ၂၀၀၁ခုနှစ် အောက်တိုဘာမှ ၂၀၀၅ခုနှစ် ဇန်နဝါရီအထိ ဂျေအက်စ်စီ အမ်အမ်စီ နိုရီလစ်ခ်နီကယ် ကုမ္ပဏီကြီး၏ အထွေထွေ ဒါရိုက်တာဖြစ်လာသည်။ ထို့နောက် ယင်းကုမ္ပဏီ၏ စီမံခန့်ခွဲရေး ဒုတိယ ဥက္ကဋ္ဌဖြစ်လာသည်။

အပန်းဖြေခရီးထွက်ခဲ့

လီယိုနစ်သည် ငယ်စဉ်က ဘဝကို ရုန်းကန်ခဲ့ရသဖြင့် သူ၏ ကိုယ်စိတ်နှလုံး သုံးပါးစလုံးကို လုပ်ငန်းတွင်သာ နှစ်မြှုပ်ထားခဲ့သည်။ ထို့ကြောင့်လည်း သူ၏ဘဝတွင် ကြင်ဖော်ကြင်ဖက်ကို သန်းကြွယ်သူဌေးဖြစ်လာပြီး အသက်အရွယ်ရလာသော အခါတွင်မှ စဉ်းစားခဲ့တော့သည်။ သူ၏ အသက် ၃၅ နှစ်ဖြစ်သည့် ၂၀၀၁ ခုနှစ်တွင် သူ၏ အသက်ထက် များစွာငယ်သည့် နာတယ်လ်ယာဘီ လိုဗာဆိုသည့် ကိုယ်ဟန်ပြမယ် မိန်းမချောလေးနှင့် တွေ့ဆုံကာ ချစ်ကြိုက်ခဲ့ကြသည်။ သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး အရူးအမူးစွဲလမ်း ချစ်ခင်တွယ်တာခဲ့ကြသည်။ သူတို့နှစ်ဦးသည် ၂၀၀၂ခုနှစ်တွင် နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြသည်။ ၂၀၀၅ ခုနှစ်တွင် သူတို့ဇနီးမောင်နှံနှစ်ဦးသည် ကရစ်ဘီယံ ဒေသရှိ စိန့်ဘာ့တ် အပန်းဖြေစခန်းသို့ အပန်းဖြေခရီးထွက်ခဲ့ကြသည်။

တည်ငြိမ်စွာရင်ဆိုင်

သူတို့နှစ်ဦးသည် လက်ထပ်ပြီး နှစ်နှစ်အတောအတွင်း သားသမီးမယူသေးဘဲ လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။ ၂၀၀၄ ခုနှစ်တွင်မှ သားသမီးယူခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် သားတစ်ဦးကို မွေးဖွားခဲ့သည်။ သူချစ်ကိုယ်ချစ်များမို့ သူတို့ ဇနီးမောင်နှံနှစ်ဦး၏ အိမ်ထောင်ရေးခရီးလမ်းမှာ သာယာဖြောင့်ဖြူးခဲ့သည်။ လိမ်လည်မှု၊ မသမာမှုများကို ရွံမုန်းသော လီယိုနစ်က မသမာမှုများကို ဖော်ထုတ်ရန် ကြိုးစားရာမှ ၂၀၀၆ခုနှစ်တွင် မသမာသူများ၏ တန်ပြန်တရားစွဲခြင်းကို ခံခဲ့ရသည်။ မသမာသူများက လီယိုနစ်အား ပေါင်သန်း ၄၀ လိမ်လည်သည်ဟု ပြန်လည်စွပ်စွဲခဲ့သော်လည်း အမှန်တရားဘက်တွင် ရပ်တည်ပြီး ဖြောင့်မတ်မှန်ကန်သူ လီယိုနစ်ရိုဇက်စကင် အနေဖြင့် တုန်လှုပ်ခြင်းမရှိဘဲ အမှုကို တည်ငြိမ်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ခဲ့သည်။

ထားရှိ

လီယိုနစ်၏ ဇနီးနာတယ်လ်ယာသည် ငယ်ရွယ်သော်လည်း ခင်ပွန်းပေါ်တွင် တာဝန်ကျေပွန်ပြီး သားအပေါ်တွင် မိခင်ကောင်းပီသသော အမျိုးသမီးဖြစ်သည်။ လီယိုနစ်သည် ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် သူ၏ အသက်သုံးနှစ်အရွယ်ရှိ သားကလေးအား အင်္ဂလိပ်စကားကျွမ်းကျင်စွာ တတ်မြောက်စေရန်အတွက် လန်ဒန်မြို့တွင်ရှိသော သူ၏

ပေါင်သုံးသန်းတန် အိမ်သို့ ပြောင်းရွှေ့နေထိုင်စေခဲ့သည်။ သားဖြစ်သူအား စောင့်ရှောက်ရန် စိန့်ပီတာစဘတ်မြို့မှ သူ၏ အစ်မဝမ်းကွဲတော်သူအား အနီးကပ်ကြီးကြပ်စေပြီး ကလေးထိန်းတစ်ဦးငှားရမ်းကာ အင်္ဂလိပ်စာသင် ဆရာတစ်ဦးကိုလည်း ထားရှိပေးခဲ့သည်။

ဝယ်ယူ

လီယိုနစ်သည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ပြင်သစ်နိုင်ငံတောင်ပိုင်းနှင့် ရုရှားနိုင်ငံမော်စကိုမြို့တို့တွင် အိမ်များရှိသော်လည်း သားဖြစ်သူ၏ အင်္ဂလိပ်စာတော်ပြီး ပညာရေးအခြေခံ ကောင်းများရစေရန် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ပေါင်သုံးသန်းတန်အိမ်ကို ဝယ်ယူကာ ထိုကဲ့သို့ ထားခဲ့ခြင်းဖြစ်သည်။ သူ၏ လုပ်ငန်းရှိသော လတ်ဗီးယားနိုင်ငံမြို့တော် ရီဂါ၏ လူကုံထံရပ်ကွက်တွင်လည်း ပေါင်တစ်သန်းတန် အိမ်ဝယ်ယူထားခဲ့သည်။

သွားခဲ့

၂၀၀၈ခုနှစ် မတ်လ ၁၆ရက်တွင် လီယိုနစ်သည် လတ်ဗီးယားသို့ ရုတ်တရက် လုပ်ကိစ္စဖြင့် သွားရောက်ရာမှ ပျောက်ဆုံးသွားခဲ့သည်။ မတ် ၁၂ရက်က မိခင်ရှိရာ လန်ဒန်သို့ လီယိုနစ်လာပြီး နာရီပေါင်းများစွာနေပြီး ပြန်သွားခဲ့သည်။ မတ် ၁၃ရက်တွင် ရုရှားမှလာမည့်နေ့၌ နှစ်ဦးစလုံး လန်ဒန်သို့ အတူတကွ လာမည်ဟု အကြောင်းကြားခဲ့သော်လည်း မလာဖြစ်ဘဲ လတ်ဗီးယားသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေး

သူ၏ မိခင်အယ်လ်ဗီယာရိုဇက်စကင်က စီးတီးအေအမ် သတင်းစာသို့ ပြောကြားခဲ့ရာတွင် သူမ၏ သားသည် အစွဲအလမ်းကြီးသူဖြစ်ကြောင်း၊ အရမ်းချမ်းသာသော၊ အရည်အချင်းရှိသော၊ ရှေ့နေလုပ်ငန်းတွင် အောင်မြင်သော၊ မကြွယ်မဝ့ကြွား ဟောဟောဒိုင်းဒိုင်း ပြောတတ်သောသူဖြစ်ကြောင်း၊ သူ၏လုံခြုံမှုကို ပေါင်သန်းချီ အကုန်ခံ၍ ဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ သူ၏လုံခြုံမှုကို အထူးဂရုစိုက်နေရကြောင်း၊ သူတစ်ခုခုဖြစ်သွားပါက သူ၏သားအား ဇနီးဖြစ်သူက ပညာသင်ပေးနိုင်ရန် သေတမ်းစာရေးပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်ဟုဆိုသည်။ လတ်ဗီးယားနိုင်ငံ ရီဂါမြို့ရှိ အိမ်တွင် သွေးကွက်မြောက်မြားစွာ ရှာတွေ့ခဲ့ရပြီး အစောင့်အကြပ်ထူပြောစွာချထားသည့် ကြားထဲမှ မသမာမှုဖော်ထုတ်ရန် ကြိုးစားမှုကြောင့် သူ၏သား အသတ်ခံရပြီဟု ယူဆကြောင်း ပြောကြားသည်။ ယင်းအမှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

သင်ခန်းစာယူဖွယ်

လီယိုနစ်ရိုဇက်စကင်သည်သန်းကြွယ်သူဌေးအဖြစ် အောင်မြင်စွာရပ်တည်နိုင်ခဲ့သည်။ သို့သော်လည်း အချိန်ကျရောက်ပြီး ကံကြမ္မာ ဖန်လာသောအခါတွင် သက်ဆုံးတိုင် ရွှေလက်တွဲလိုသော ချစ်ဇနီးနာတယ်လ်ယာဘီလိုဗာနှင့် သားဖြစ်သူအား ထာဝရကျောခိုင်းခဲ့ရသော အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ မှုခင်းဖြစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် – ကိုးကားရေးဖွဲ့သည်

လီယိုနစ်သည် ငယ်စဉ်က ဘဝကို ရုန်းကန်ခဲ့ရသဖြင့် သူ၏ ကိုယ်စိတ်နှလုံးသုံးပါးစလုံးကို လုပ်ငန်းတွင်သာ နှစ်မြှုပ်ထားခဲ့သည်။ ထို့ကြောင့်လည်း သူ၏ဘဝတွင် ကြင်ဖော်ကြင်ဖက်ကို သန်းကြွယ်သူဌေး ဖြစ်လာပြီး အသက်အရွယ်ရလာသော အခါတွင်မှ စဉ်းစားခဲ့။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁-၄-၂၀၀၈

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများကျဆင်း

ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း တရုတ်စီးပွားရေး လုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ် ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၃၄ ဒသမ ၈၉ ဒေါ်လာအထိကျ ဆင်းကြောင်း ၎င်းတို့ကပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်း အနည်းငယ်ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်း အနည်းငယ်ကျဆင်းသွားကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)က ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၂၄ဒေါ်လာအထိ ကျဆင်းလာသည်။ ပြီးခဲ့သည့်သီတင်းပတ်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၃၄ဒေါ်လာအထိ မြင့်တက်ခဲ့သည်။

နယ်စပ်ကုန်သွယ်ရေး နားလည်မှုစာချုပ် ကမ္ဘောဒီးယားနှင့်လာအို လက်မှတ်ရေးထိုး

ကမ္ဘောဒီးယားနှင့် လာအိုနှစ်နိုင်ငံတို့သည် နယ်စပ်ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ကြရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလိုက်ကြသည်။

နှစ်နိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်ရေးကို ယခုထက် နှစ်ဆတိုးချဲ့ လုပ်ဆောင်သွားမည်ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးစေမည့် လုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားမည် ဖြစ်သည်။

တရုတ်၌ လက်နက်ခဲယမ်းများပမ်းမိ

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အာဘာစီ ရင်စုတွင် သေနတ်များ၊ ကျည်ဆန်များနှင့် ခဲယမ်းမီးကျောက်များကို သိမ်းဆည်းရမိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီးရမိသော ပစ္စည်းများမှာ သေနတ်အလက် ၃၀၊ ကျည်ဆန် ၄၉၈ တောင့်နှင့် ပေါက်ကွဲ စေတတ်သော ခဲယမ်း မီးကျောက်များအပြင် ဆက်သွယ်ရေး ကိရိယာများပါဝင်ကြောင်း ၎င်းတို့က ပြောကြားသည်။

တရုတ်-မြောက်ကိုရီးယား တိုက်ရိုက်လေကြောင်း စတင်ပျံသန်း

တရုတ်နှင့် မြောက်ကိုရီးယား တိုက်ရိုက်လေကြောင်းလိုင်းကို စတင်ဖွင့်လှစ် ပျံသန်းပြီဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ထိုလေကြောင်းလိုင်းမှာ တရုတ်နိုင်ငံ ပေကျင်းမြို့နှင့် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ တိုက်ရိုက်လေယာဉ်ပျံသန်းခြင်းဖြစ်ပြီး သီတင်းအပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ခရီးသည်များကို တိုက်ရိုက်ပျံသန်း ပြေးဆွဲပေးသွားမည် ဖြစ်သည်။

၂၀၁၃ခုနှစ်၌ ကုလလုံခြုံရေးအဖွဲ့ဝင် ဖြစ်လာရေး ဩစတြေးလျ ကြိုးစားမည်

ဩစတြေးလျနိုင်ငံ အနေဖြင့် လာမည့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ အဖွဲ့ဝင်တစ်နေရာ ရရှိရေး ကြိုးစားသွားမည်ဟု ဩစတြေးလျ အရာရှိများက ပြောကြားသည်။

ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ်ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင် ၁၀ နိုင်ငံအား ရွေးချယ်တာဝန် ပေးလျက်ရှိရာ ဩစတြေးလျက ကြိုးစားသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

မကာအိုကမ်းလွန်၌ ငါးဖမ်းသင်္ဘောတစ်စင်းနစ်မြုပ်

တရုတ်နိုင်ငံမကာအိုကမ်းလွန်၌ ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ ငါးဖမ်းသမား လေးဦးပျောက်ဆုံးလျက်ရှိသည်။

ထိုငါးဖမ်းသင်္ဘောမှာ အခြားကုန် တင်သင်္ဘောတစ်စင်းနှင့် တိုက်မိခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ရေးယာဉ်များ စေလွှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးကြောင့် နှစ်ဦးသေဆုံး

အင်ဒိုနီးရှား နိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် လူငယ်နှစ်ဦး သေဆုံးသွားခဲ့ကြောင်း အင်ဒိုနီးရှား အရာရှိများကပြောကြားသည်။

သေဆုံးသူများမှာ အသက် ၁၂ နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် အသက် ၁၅ နှစ်အရွယ် ယောက်ျားလေးတစ်ဦးဖြစ်သည်။

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် သေဆုံးသွားသူ အရေအတွက်မှာ ယခုချိန်အထိ ကလေးငယ် ၁၅ ဦး ရှိခဲ့ပြီဖြစ်သည်။

သူတို့အတွေးနှင့် အမြင်

* *Every man has his weak side.*

လူတိုင်းတွင် အားနည်းချက်ရှိမြဲဖြစ်သည်။

ဂျိုးဇက်ပရစ်စလေ
(အတွေးအခေါ်ပညာရှင်)

* *Ignorance never settles a question.*

မသိနားမလည်ခြင်းသည် ပြဿနာတစ်ရပ်ကို မည်သည့်အခါမျှ ဖြေရှင်းပေးနိုင်မည်မဟုတ်ပေ။

ဒစ်စရီလီ(အတွေးအခေါ်ပညာရှင်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အမြန်ဆုံး ဒရမ်မာတီးနိုင်သူ

အမေရိကန်နိုင်ငံ တက္ကဆက် ပြည်နယ်အော်စတင်မြို့တွင် မတ် ၃၁ရက်က အီရစ်အိုကာမိုတို အမည်ရှိ အမျိုးသားတစ်ဦးက ဒရမ်မာတီးခတ်ရာ တစ်စက္ကန့်ကို ၂၇ချက်တီးနိုင်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် အမြန်ဆုံး ဒရမ်မာတီးနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အင်တာနက်ဓာတ်ပုံ)

မိုးပျံပူဖောင်းဖြင့် ခရီးအရှည်ဆုံး ပျံသန်းသူ

ဗြိတိန်နိုင်ငံသား အသက် ၅၀ အရွယ် ဒေးဗစ်ဟမ်လီမင်အမည်ရှိ အမျိုးသားတစ်ဦးသည် မိုးပျံပူဖောင်းစီးကာ ကနေဒါနိုင်ငံမှ ပြင်သစ်နိုင်ငံ ဒီဂျွန်မြို့သို့ ခရီးမိုင် ၃၃၇၉ ကီလိုမီတာကို လေးရက်ကြာ ခရီးနှင်ခဲ့ပြီးနောက် မတ် ၃၁ရက်က အောင်မြင်စွာ ရောက်ရှိခဲ့သဖြင့် ကမ္ဘာပေါ်တွင် မိုးပျံပူဖောင်းဖြင့် ခရီးအဝေးဆုံး ပျံသန်းနိုင်သူအဖြစ် ဂရင်းနက်စ်၌ ဖော်ပြခံရသည်။ **(အင်တာနက်ဓာတ်ပုံ)**

အာဖရိက ယဉ်ကျေးမှုကို ဖော်ညွှန်းနေသည့် ဘာဘေးဒို့စ်နိုင်ငံ

သတင်းအက်ဆေး

ဘာဘေးဒို့စ်နိုင်ငံသည် ကာရစ်ဘီယံဒေသအနောက်အင်ဒီးစ်ကျွန်းစု၏ အရှေ့ဘက်အစွန်၌ တည်ရှိသည်။ နိုင်ငံ၏အဓိကဝင်ငွေမှာ သကြားတင်ပို့မှုမှ ရရှိခဲ့သော်လည်း ယခုအခါခရီးသွားလုပ်ငန်းက အစားထိုးနေရာယူလိုက်ပြီဖြစ်သည်။ ဘာဘေးဒို့စ်နိုင်ငံသည်ရှုမျှော်လို့မဆုံးသော သာမောဖွယ်ပင်လယ် ကမ်းခြေများနှင့် ခရစ်ကတ် အမျိုးသားအားကစားထူးချွန်ထက်မြက်မှုတို့ကြောင့် ဂုဏ်သတင်းမွှေးသည့်နိုင်ငံဖြစ်သည်။

ဖွဲ့စည်း

ပေါ်တူဂီနယ်ပယ်သစ်ရှာသူ ပက်ဒရိုအာကွမ်ပို့စ်က ဘာဘေးဒို့စ်ကျွန်းကို ၁၅၃၆ ခုနှစ်တွင် တွေ့ရှိသည်။ ၁၆၆၃ ခုနှစ်တွင် ဗြိတိသျှအစိုးရက တိုက်ရိုက်အုပ်ချုပ်သည့် ကိုလိုနီ နိုင်ငံဖြစ်လာသည်။ ၁၈၃၄ ခုနှစ်တွင် ကျွန်စနစ်ကို ဖျက်သိမ်းသည်။ ၁၉၃၇ခုနှစ်တွင် ဂရန်လီအဒမ်က ဘာဘေးဒို့စ် အလုပ်သမား ပါတီ (ဘီအယ်ပီ)ကို ထူထောင်သည်။ ၁၉၅၅ ခုနှစ်တွင် ဒီမိုကရက်တစ် အလုပ်သမားပါတီ (ဒီအယ်ပီ)ကို ဖွဲ့စည်းသည်။

၁၉၅၈-၆၂ ခုနှစ်တွင်ဗြိတိသျှပိုင် အနောက်အင်ဒီးစ်ဖက်ဒရေးတွင် ဘာဘေးဒို့စ် ပါဝင်ပြီး၊ ဂရန်လီအဒမ်က ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၆၂ခုနှစ်တွင် ဘာဒေးဒို့စ်ကိုယ်ပိုင်အုပ်ချုပ်ရေးရပြီး ဒီအယ်ပီခေါင်းဆောင် ဘာရိုးဝန်ကြီးချုပ်ဖြစ်လာသည်။

ဖြစ်လာ

၁၉၆၂ ခုနှစ်တွင် လွတ်လပ်ရေးရသည်။ ဘာရိုးသည်ပင် ဝန်ကြီးချုပ် ဖြစ်သည်။ ၁၉၆၇ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် ပါလီမန်ရွေးကောက်ပွဲကျင်းပသည်။ ဒီအယ်ပီပါတီအနိုင်ရပြီး ဒေးဗစ်သွန်မဆင် ဝန်ကြီးချုပ်ဖြစ်လာသည်။

နိုင်ငံတော်အကြီးအကဲမှာ ဗြိတိန်ဘုရင်မကြီး အယ်လီဇဘက်ဖြစ်ပြီး၊ ဘုရင်ခံချုပ်တစ်ဦးကိုယ်စားခန့်အပ်သည်။ ဘာဘေးဒို့စ်နိုင်ငံတွင် အထက်နှင့်အောက်လွှတ်တော်နှစ်ရပ်ရှိသည့် ပါလီမန်ကိုဖွဲ့စည်းသည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလလယ်တွင် ရွေးကောက်ပွဲကျင်းပသောအခါ ဒီအယ်ပီပါတီခေါင်းဆောင် မစ္စတာသွန်မဆင်က ဘီအယ်ပီပါတီခေါင်းဆောင် ဝန်ကြီးချုပ် အိုဝင်းအာသာကို အနိုင်ရသည်။ အိုဝင်းအာသာသည် ၁၉၉၄ ခုနှစ်နောက်ပိုင်း ဝန်ကြီးချုပ်သက်တမ်း သုံးကြိမ်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ချမ်းသာကြွယ်ဝ

ဘာဘေးဒို့စ်နိုင်ငံသည် ကာရစ်ဘီယံဒေသနိုင်ငံများတွင် ပိုမိုလူဦးရေ ထူထပ်ပြီး ချမ်းသာကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးတည်ငြိမ်မှု၏ အကျိုးဆက်ကြောင့် ဖွံ့ဖြိုးဆဲကမ္ဘာတွင် လူနေမှုအဆင့်အတန်းအမြင့်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဤနိုင်ငံသည်ဘဏ္ဍာငွေကြေး ဝန်ဆောင်မှုဆိုင်ရာ ဗဟိုဌာနတစ်ခု ဖြစ်သည်။ ထို့ပြင် ဤနိုင်ငံကကမ်းလွန်ဒေသရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များကို ပိုင်ဆိုင်ထားသည်။

ဆင်းသက်လာ

မကြာမီနှစ်များအတွင်းက ဆောင်လုပ်ရေးလုပ်ငန်းများ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးလာမှုကြောင့် ဟိုတယ်သစ်များ၊ အခန်းတွဲအိမ်ရာများ မှိုလိုပေါက်လာခဲ့သည်။ ၂၀၀၇ ခုနှစ် ကမ္ဘာ့ခရစ်ကက်အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးသည်။

သို့သော်နိုင်ငံအတွင်း အလုပ်လက်မဲ့များသည့်အတွက် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ကြသည်။ ၎င်းတို့၏ ပို့ငွေများကလည်း ဘာဘေးဒို့စ်နိုင်ငံ၏ ဝင်ငွေကို တိုးပွားစေသည်။ ပြည်သူအများစုမှာ ၁၇ ရာစုက ကြံစိုက်ပျိုးရေးအတွက် အာဖရိကကျွန်များကို ခေါ်ယူရောက်ရှိလာကြသည့် အာဖရိကတိုက်သားများမှ ဆင်းသက်လာသူများဖြစ်သည်။

ဆွဲဆောင်နိုင်စွမ်းရှိ

*ပင်လယ်ကမ်းခြေသောင်ယံများ၊ သန္တာကျောက်တန်းများ၊ ထုံးကျောက်လိုဏ်ဂူကြီးများနှင့်တကွ ကုန်သည်လေတိုက်ခတ်မှုကြောင့် နွေးထွေးသော ရာသီဥတုတို့မှာ ဤနိုင်ငံကပိုင်ဆိုင်ထားသည့် သဘာဝကပေးသော ပစ္စည်းအဖိုးတန်များဖြစ်သည်။ ထိုမျှမကသေး ကိုလိုနီခေတ်ကတည်ဆောက်သည့် အင်ဂလီကန် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများက လှစ်ပြနေသော ဗိသုကာပညာ၊ အာဖရိကယဉ်ကျေးမှုကို အခြေခံသည့် ဂီတနှင့်အကတို့သည်လည်း ကမ္ဘာလှည့်ခရီးသည်တို့ကို ဆွဲဆောင်နိုင်စွမ်းရှိသည့် အရာများဖြစ်ပါကြောင်း။ ။ **(ကိုးကား-အင်တာနက်)*** တိုး-ရေးသားသည်*

နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး တည်ငြိမ်မှု၏ အကျိုးဆက်ကြောင့် ဖွံ့ဖြိုးဆဲကမ္ဘာတွင် လူနေမှု အဆင့်အတန်း အမြင့်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဇင်ဘာဘွေ ရွေးကောက်ပွဲရလဒ်များ စိုးရိမ်ကြီးစွာစောင့်မျှော် အမြန်ဆုံးထုတ်ပြန်ရန် နိုင်ငံတကာတိုက်တွန်း

ဟာရာရေး ဧပြီ ၁

တနင်္ဂနွေနေ့က မဲရုံများပိတ်ပြီးနောက်ပိုင်း ထုတ်ပြန်ရန်နှောင့်နှေးနေသည့် ရွေးကောက်ပွဲရလဒ်များကို ဇင်ဘာဘွေနိုင်ငံတစ်ဝန်းရှိ ပြည်သူများက စိုးရိမ်ကြီးစွာ စောင့်မျှော်နေကြသည်။

အချိန်ကြာညောင်းလာသည်နှင့် အမျှ စိုးရိမ်မှုများ ကြီးထွားလာစဉ် အခြေအနေမှာ တင်းမာလာသည်ဟု ဆိုသည်။

စိုးရိမ်

အာဖရိက လေ့လာရေးအဖွဲ့က ရွေးကောက်ပွဲ မဲထည့်မှုမှာ လွတ်လပ်ပြီး တရားမျှတကြောင်း ပြောကြားလိုက်သည်။ သို့သော် ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ရန် ကြန့်ကြာမှုကြောင့် စိုးရိမ်မကင်းဖြစ်ရသည်ဟုလည်း ထုတ်ဖော်ပြောဆိုသည်။

မကြေညာ

ယခုအချိန်အထိ ရေတွက်ရရှိသမျှတွင် အာဏာရ ဇာနု-ပီအက်ဖ်ပါတီက အမတ်နေရာ ၃၁ရာနှင့်အတိုက်အခံပါတီက ၃၅နေရာ ရရှိကြောင်း၊ တရားဝင်ထုတ်ပြန်သည့် ရွေးကောက်ပွဲရလဒ်များတွင် ဖော်ပြထားသည်။ အမတ်နေရာ ၁၄၄နေရာကို ယခုထိ မကြေညာသေးပေ။

ကြေညာ

အတိုက်အခံပါတီခေါင်းဆောင်က ၆၀ ရာခိုင်နှုန်း၊ သမ္မတမူဂါဘီက ၃၀ရာခိုင်နှုန်း ထောက်ခံမှုရကြောင်း ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုပါတီ(အမ်ဒီစီ)က ကြေညာသည်။

ဇင်ဘာဘွေ ရွေးကောက်ပွဲရလဒ်များ၊ အထူးသဖြင့် သမ္မတရွေးကောက်ပွဲရလဒ်ကို အမြန်ထုတ်ပြန်ရန် နိုင်ငံတကာက ဇင်ဘာဘွေ ရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းလျက်ရှိသည်။ **(အင်တာနက်)**

အနိုင်ရရန် ကြိုးစားနေသည့် ဇင်ဘာဘွေသမ္မတ မူဂါဘီ။



ကုလလူ့အခွင့်အရေး ကြေညာချက် မြောက်ကိုရီးယား ပြစ်တင်ဝေဖန်

ပြုံယမ်း ဧပြီ ၁

မကြာမီက အတည်ပြုလိုက်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာချက်ကို မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မတ် ၂၉ ရက်တွင် ပြစ်တင်ဝေဖန်လိုက်ကြောင်း ကေစီအင်န်အေသတင်းဌာနက ကြေညာလိုက်သည်။

တုံ့ပြန်

မတ် ၂၇ ရက်က ကျင်းပသော အစည်းအဝေးတွင် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီက မြောက်ကိုရီးယားနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို ဝေဖန်လိုက်ခြင်းအပေါ် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အထက်ပါအတိုင်း တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အန္တာတိကဒေသသို့ ခရီးသွားသင်္ဘောများ လာရောက်မှု ထူးကဲသောဂေဟစနစ် မပျက်စီးစေရန် ထိန်းချုပ်သင့်

လန်ဒန် ဧပြီ ၁

အန္တာတိကဒေသ၏ ထူးကဲသောဂေဟစနစ်များ မပျက်စီးစေရန် သင်္ဘောများသွားလာမှုကို တင်းကျပ်သင့်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများက ဆော်ဩလိုက်ကြောင်း မတ် ၃၁ ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

ခရီးသွား ဧည့်သည်များသည် အန္တာတိကဒေသသို့ ယခင်ကထက်ပို၍ လာရောက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်က ယင်းဒေသတွင် အမ်အက်စ်စူးစမ်းလေ့လာရေး သင်္ဘောနစ်မြုပ်ပြီးနောက် **(ယာပုံ)** ခရီးသွားများလာရောက်မှု တိုးလာကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သူများက ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

အန္တာတိကနှင့် တောင်သမုဒ္ဒရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က နိုင်ငံတကာ အဏ္ဏဝါ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ စည်းကမ်းချက်များ ထုတ်ပြန်လျက် တင်းကျပ်သွားရန်လည်း တိုက်တွန်းလိုက်သည်။

အန္တာတိကခရီးသွားလုပ်ငန်းသည် လွန်ခဲ့သော ၁၅ နှစ်ကထက် ငါးဆပို၍များပြားလာကြောင်း လန်ဒန်မြို့၌ ယခုသီတင်းပတ်အတွင်း ကျင်းပလျက်ရှိသော နိုင်ငံတကာအဏ္ဏဝါ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး၌ ပတ်ဝန်းကျင်ထိန်းသိမ်းသူများက တိုက်တွန်းဆော်ဩလိုက်ခြင်းဖြစ်သည်။ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း အဆိုပါဒေသသို့ခရီးသွား ၃၇၅၅၂ဦး လာရောက်လည်ပတ်ခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

၂၀၂၃ခုနှစ်တွင် တူရကီသို့ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရန် မျှော်မှန်း

အစ္စတန်ဘူလ် ဧပြီ ၁

တူရကီနိုင်ငံသည် ၂၀၂၃ခုနှစ်တွင် ခရီးသွားဧည့်သည်သန်း ၅၀ကို လက်ခံပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ရယူသွားမည်ဖြစ်ကြောင်း တူရကီယဉ်ကျေးမှုနှင့် ခရီးသွားဝန်ကြီး အာတူဂရူရာယ်ဂူနေးက ပြောကြားသည်ကို အနာတိုလီးယားသတင်းဌာနက ကိုးကားဖော်ပြသည်။

ပြောကြားခဲ့

တူရကီနိုင်ငံတွင် ခရီးသွားလုပ်ငန်း ၁၈ရာခိုင်နှုန်း တိုးတက်လာပြီး ကမ္ဘာတွင် ၆ဒသမ၅ရာခိုင်နှုန်း တိုးတက်လာမှု အခြေခံ၍ တူရကီယဉ်ကျေးမှုဝန်ကြီးက တူရကီနိုင်ငံတောင်ပိုင်း အင်တာယာပြည်နယ်၌ အာဏာရတရားရေးနှင့် ဖွံ့ဖြိုးရေးပါတီ အစည်းအဝေးကျင်းပစဉ် ပြောကြားခဲ့သည်။

လာရောက်လည်ပတ်

တူရကီနိုင်ငံသို့ ၂၀၀၃ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း ခရီးသွား ၁၀သန်းအထိ လာရောက်လည်ပတ်ခဲ့ကြောင်း ၄င်းကပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့တော်၌ ညမထွက်ရအမိန့် အီရတ်အာဏာပိုင်များက ရုပ်သိမ်း

ဘဂ္ဂဒက် ဧပြီ ၁

အီရတ်နိုင်ငံ ရှီးယိုက်ဘာသာရေး ခေါင်းဆောင်ဆာဒါးက ၄င်း၏နောက် လိုက်များအနေဖြင့် တိုက်ခိုက်မှု ရပ်တန့် ရန် အမိန့်ထုတ်ပြီးနောက် အီရတ်အာဏာ ပိုင်များကလည်း ဘဂ္ဂဒက်မြို့တော်အတွင်း အိမ်ပြင်မထွက်ရအမိန့်ကို ရုပ်သိမ်းလိုက်သည်။

တားမြစ်

သုံးရက်ကြာ အိမ်ပြင်မထွက်ရ အမိန့်မှာ မတ် ၃၁ရက်က ဒေသစံတော်ချိန် နံနက် ၆နာရီတွင် ပြီးဆုံးသွားသည်။ သို့သော် မြို့တော်အတွင်း ရှီးယိုက်ဒေသ သုံးခုမှ မော်တော်ယာဉ်များကို မောင်းနှင် ခြင်း၊ ဘီးလှိမ့်ခြင်းမပြုရန် တားမြစ်ထား ဆဲဖြစ်သည်။

မတ် ၂၅ရက်မှစ၍ နိုင်ငံတစ်ဝန်း တိုက်ပွဲများ ဖြစ်ပွားသဖြင့် လူ ၂၄၀ကျော် သေဆုံးရသည်။ ဘာသာရေးအရ တာဝန်ရှိသဖြင့် လည်းကောင်း၊ အီရတ်ပြည်သူတို့၏ သွေးများမြေကျခြင်းကို ရပ်ဆိုင်းရန် အတွက် လည်းကောင်း ဘာဆာရာမြို့နှင့် အခြား ပြည်နယ်များ၌ လက်နက်ကိုင် ဆောင်ပြီး လမ်းပေါ်မထွက်ရန် မိမိတို့ တိုက်တွန်းလိုက်ကြောင်း မစ္စတာဆာဒါး က ပြောကြားသည်။

မလိုက်နာလျှင် မိမိတို့အဖွဲ့ဝင် မဟုတ်တော့ကြောင်း သတိပေးလိုက်သည်။ **(အင်တာနက်)**

အီတလီ ဒိန်ခဲများ ရောင်းချမှု ကင်ဆာဖြစ်နိုင်သဖြင့် တရုတ်၌ပိတ်ပင်

ပေကျင်း ဧပြီ ၁

အီတလီနိုင်ငံက ထုတ်လုပ်သော မော့ဇာရေလာဒိန်ခဲများသည် ကင်ဆာဖြစ်ပွားနိုင်သည့် ဒိုင်အောက်ဆိုဒ်ဓာတ်များ ပါဝင်နေမှုကြောင့် ဈေးကွက်များမှ ပြန်သိမ်းခဲ့ပြီးနောက် တရုတ်နိုင်ငံက ယင်းအစားအစာ တင်သွင်းခြင်းကို ပိတ်ပင်လိုက်သည်။

ကင်ဆာဖြစ်ပွားနိုင်

ဆိပ်ကမ်းများသို့ ဝင်ရောက်လာသည့် အီတလီဒိန်ခဲအစားအစာဖြစ်သော မော့ဇာရေလာကို အရည်အသွေးစစ်ဆေးပေးရန် မလိုတော့ကြောင်း၊ အကြောင်းမှာ ဒိန်ခဲများတွင် ပုပ်သိုးပြီး ကင်ဆာဖြစ်ပွားနိုင်သည့် ဒိုင်အောက်ဆိုဒ်ဓာတ်များ ပါဝင်နေ၍ ဖြစ်ကြောင်း တရုတ်အစားအစာများ အရည်အသွေးစောင့်ကြည့် လေ့လာရေးအဖွဲ့က ပြောကြားသည်။

ပြောကြား

အဆိုပါ ဒိန်ခဲအစားအစာများ ရောင်းချနေခြင်းကို ချက်ချင်းရပ်တန့်ရမည် ဖြစ်ကြောင်း၊ ရောင်းချပြီးဒိန်ခဲများကိုလည်း ပြန်လည် သိမ်းဆည်းရမည်ဖြစ်ကြောင်း ၄င်းအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်၏ ဒုံးခွင်းဒုံးဖြန့်ကြက်မှု အစီအစဉ် နေတိုးကို နှစ်ပိုင်းကွဲသွားစေနိုင်ဟုဆို

ပရာဟာ ဧပြီ ၁

ချက်သမ္မတနိုင်ငံ၌ အမေရိကန် ရေဒါအခြေစိုက်စခန်း တည်ဆောက်ခြင်းကို ဆလိုဗက်ကီးယားနိုင်ငံက ဆန့်ကျင်ကြောင်း ဝန်ကြီးချုပ်ရောဘတ်ဖီကို၏ ပြောကြားသည်ကို ချက်ရုပ်မြင်သံကြား၌ ကိုးကားဖော်ပြသည်။

အမေရိကန်၏ ဒုံးခွင်းဒုံးအစီအစဉ်သည် နေတိုးကို နှစ်ပိုင်းကွဲသွားစေနိုင်ကြောင်း၊ ယင်းဒုံးခွင်းဒုံးစနစ်သည် အပြည့်အဝ တိုးတက်မှုရှိလိမ့်မည်မဟုတ်ကြောင်း ဝန်ကြီးချုပ်ဖီကိုက ပြောကြားသည်။

ထပ်လောင်းပြောကြား

ဥရောပတိုက်တွင် နိုင်ငံခြားတပ်များ တပ်ဖြန့်ချထားသည့် ခေတ်ကိုရောက်လာခြင်းကြောင့် ဥရောပသည် နောက်လိုက်ဖြစ်နေရခြင်းမှာ အလွန်မနှစ်မြို့စရာပင်ဖြစ်သည်ဟု ယူဆမိကြောင်း၊ ယင်းအချက်ကြောင့် မိမိတို့ ဆလိုဗက်ကီးယားအစိုးရအနေဖြင့် သဘောတူခွင့်မပြုနိုင်ကြောင်း ၄င်းက ထပ်လောင်းပြောကြားသည်။

တည်ဆောက်ပြီး

အမေရိကန်အစိုးရသည် ချက်သမ္မတနိုင်ငံ၌ ရေဒါစခန်း တည်ဆောက်ပြီး အိမ်နီးချင်း ပိုလန်နိုင်ငံတွင် ဒုံးပျံကျည်များပစ်ချရေးစခန်း၊ ဒုံးခွင်းဒုံးစနစ်ထားရှိရန် စီစဉ်လျက်ရှိသည်။

ကန့်ကွက်

သို့သော်လည်း ရုရှားနိုင်ငံကနိုင်ငံ၏လုံခြုံရေးကို ခြိမ်းခြောက်သည်ဆိုကာ ယင်းအစီအစဉ်ကို ကန့်ကွက်ထားသည်။

ဆန္ဒမဲပေး

မကြာမီက ချက်ပြည်သူ ၇၀ ရာခိုင်နှုန်းကလည်း အမေရိကန်၏ ရေဒါစခန်း တည်ဆောက်ရန် စီစဉ်မှုကို ဆန္ဒမဲပေး၍ ကန့်ကွက်ထားသည်။

အမ်အင်န်အေ၊ရိုက်တာ

မုန်တိုင်းကြောင့် အပျက်အစီး

အမေရိကန်နိုင်ငံ အိုကလာဟိုးမားမြို့၌ မတ် ၃၁ ရက်က မုန်တိုင်းများ တိုက်ခတ်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲတိုးတက်ရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေး ဦးထိပ်ပန်ဆင် သံတမန်ကျင့်ဝတ်များနှင့်အညီ ကျင့်ကြံနေထိုင်၊ နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာမြင့်မားရေး ကြိုးပမ်း

နေပြည်တော် ဧပြီ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့ကို ကြည့်ရှုစစ်ဆေးရန်နှင့် မိသားစုများအား လိုအပ်သည်များကိုတွေ့ဆုံမှာကြားရန်တို့အတွက် ခေတ္တတည်းခိုရာ Don Chan Palace Hotel မှ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်သို့ ထွက်ခွာလာခဲ့ရာ မြန်မာသံအမတ်ကြီးနေအိမ်သို့ မတ် ၂၉ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင် ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်အား သံအမတ်ကြီး ဦးညွန့်လှိုင်နှင့်ဇနီး ဒေါ်နန်းအေး၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းဝင်းနှင့်ဇနီး ဒေါ်မြမြစန်းနှင့် သံရုံးဝန်ထမ်းများ၊ သံရုံးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံသံရုံး၊ စစ်သံမှူးရုံးနှင့် သံအမတ်နေအိမ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဂါရဝပြု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား သံအမတ်ကြီး ဦးညွန့်လှိုင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းဝင်းနှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကပင် အစဉ်တစိုက် ဆက်ဆံရေးကောင်းမွန်ပြီး ချစ်ခင်ရင်းနှီးစွာ နေထိုင်လာကြသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြကြောင်း၊ သံရုံးမိသားစုများအနေဖြင့် မိမိတို့ နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲ တိုးတက်ရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အမြဲဦးထိပ်ပန်ဆင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

အထောက်အကူ

ဆက်လက်၍ နိုင်ငံတော်အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ မိမိတို့အနေဖြင့် နိုင်ငံတော်အတွင်းဖြစ်ပေါ်ခဲ့သည့် အခြေအနေများကြောင့် နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာ ရယူလိုက်ရသည့်အချိန်မှစ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး အခြေခံကောင်းများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး တစ်ချိန်တည်းမှာပင် နိုင်ငံတော်၏ စီးပွားဖြစ်ထွန်းမှုနှင့် တိုင်းရင်းသားချစ်ခင်စည်းလုံးမှုများကို ရေရှည်အထောက်အကူဖြစ်စေမည့် လေယာဉ်ကွင်း၊ လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံများစွာကို နိုင်ငံတစ်နံတစ်လျားတွင် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ဒေသအသီးသီးတွင် စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးအတွက်လည်း အခြေခံကျောင်းများ၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များ၊ ဆေးရုံ၊ ဆေးခန်းများကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပြီးဖြစ်ရာ ပြည်သူအများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အမျိုးသားညီလာခံမှ စနစ်တကျ ဆွေးနွေးချမှတ်ခဲ့သော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဥပဒေပညာရှင်များက စနစ်တကျရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို လာမည့် မေလတွင် ပြည်သူ့ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် အစီအစဉ်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

ဆီလျော်ညီညွတ်

ယနေ့ မိမိတို့ပြည်သူ့ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းနိုင်ရန် ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၏ အကျိုးစီးပွားအတွက် မဟုတ်ဘဲ မိမိတို့ နိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားအားလုံးအတွက် ရသင့်ရထိုက်သည့် အခွင့်အလမ်းများ ရရှိစေရန် မျှော်မှန်းရေးဆွဲထားသည့် အခြေခံဥပဒေတစ်ရပ်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့နိုင်ငံ၊ လူမျိုး၊ ဓလေ့၊ စရိုက်လက္ခဏာ၊ ပကတိအရှိတရားများနှင့် ဆီလျော်ညီညွတ်အောင် ရေးဆွဲထားသည့် အခြေခံဥပဒေတစ်ရပ်ဖြစ်ကြောင်း။

ထို့ကြောင့် သံရုံးဝန်ထမ်း မိသားစုများအနေဖြင့်လည်း နိုင်ငံတော်အတွက် အဓိကလိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖော်ဆောင်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်သစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ရှင်းလင်းပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် စည်းကမ်းပိုင်းနှင့် စပ်လျဉ်း၍ ဆက်လက်ပြောကြားရာ၌ သံတမန်ဝန်ထမ်းများသည် မိမိတို့ ရောက်ရှိတာဝန်ထမ်းရွက်ကြသည့် နိုင်ငံများ၏ ဥပဒေ၊ စည်းကမ်းများကို လေးစားလိုက်နာဆောင်ရွက်ကြရန်၊ သံတမန်ကျင့်ဝတ်များနှင့်အညီ ကျင့်ကြံနေထိုင်ကြရန်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် မိမိနိုင်ငံနှင့် မိမိလူမျိုး ဂုဏ်သိက္ခာမြင့်မားတိုးတက်ရေးအတွက် အစဉ်အမြဲကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော အဖွဲ့ဝင်များအား သံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ လူငယ်များဆွေးနွေးပွဲသို့ တက်ရောက်လာကြသော မြန်မာနိုင်ငံမှ လူငယ်ကိုယ်စားလှယ်များနှင့် သံရုံးဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခေတ္တတည်းခိုသည့် Don Chan Palace Hotel သို့ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ အစည်းအဝေးပြခန်း စီမံ/စီးပွားဝန်ကြီး ဦးစိုးသာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

နေပြည်တော် ဧပြီ ၁

တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ အစည်းအဝေးပြခန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel ဒုတိယထပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တက်ရောက်ပြီး ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ၊ တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ အစည်းအဝေးကိုယ်စားလှယ်များ၊ လူငယ် ဖိုရမ်အဖွဲ့ဝင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီး ဦးစိုးသာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံများမှ ဝန်ကြီးများနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌတို့သည် စင်မြင့်ထက်၌ နေရာယူကြသည်။

အမှာစကားပြောကြား

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဂျီအမ်အက်စ် ဝန်ကြီး H.E. Madame Khempheng Pholsena နှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ Mr. C. Lawrence Greenwood, Jr တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဝန်ကြီး ဦးစိုးသာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံများမှ ဝန်ကြီးများနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌတို့သည် ပြခန်းကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ပြသထား

ပြခန်းတွင် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ လူငယ်များ၏ My World My Home ခေါင်းစဉ်ဖြင့်ရေးဆွဲထားသည့် ပန်းချီကားများ၊ သဘာဝအခြေခံခရီးသွား ပိုစတာများ၊ GMS လူငယ်ဖိုရမ်အဖွဲ့၏ My Mekong အမည်ရှိ ဓာတ်ပုံပြခန်းများကို ပြသထားသည်။

ဝန်ကြီး ဦးစိုးသာသည်မတ်၃၀ရက် နံနက်၉နာရီတွင် Don Chan Palace Hotel၌ကျင်းပသည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

တက်ရောက်ဆွေးနွေးခဲ့

ထို့အပြင် ဝန်ကြီးသည် မတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် Don Chan Palace Hotel ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဂျီအမ်အက်စ် ဝန်ကြီးက တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ အစည်းအဝေးပြခန်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့မှ ဝန်ကြီးများနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌတို့ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ဖွင့်ပွဲအခမ်းအနားတွင် မဟာမဲခေါင်ဒေသတွင်း နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့အား အခမ်းအနားမှူးက တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးသည်။

ရှေးဦးစွာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းက တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးအဖွင့်မိန့်ခွန်း ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့နှင့်အတူ တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ တံခါးပိတ်ထိပ်သီး အစည်းအဝေးကျင်းပမည့် အဆိုပါဟိုတယ်ရှိ Convention Hall Zone(B)သို့ သွားရောက်ကြသည်။

မှတ်တမ်းတင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်း နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့နှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ တံခါးပိတ် ထိပ်သီးအစည်းအဝေးကို နံနက် ၉ နာရီ ၃၅ မိနစ်တွင် အဆိုပါဟိုတယ် ဒုတိယထပ်ရှိ Convention Hall Zone(B)၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ တံခါးပိတ် ထိပ်သီးအစည်းအဝေးတွင် ယှဉ်ပြိုင်မှုစွမ်းအားတိုးမြှင့်ရေးတွင် ရေရှည်တည်တံ့မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုအခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အဆိုပါတတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ တံခါးပိတ် ထိပ်သီးအစည်းအဝေးတွင် သဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းက အဖွင့်မိန့်ခွန်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါက တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ GMS အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဦးဆောင်၍ အခြေခံအဆောက်အအုံဆက်စပ်ယှက်နွယ်မှုတိုးမြှင့်ရေး၊ ယှဉ်ပြိုင်တိုးမြှင့်ရန်အဓိကအချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာငုယင်တန်ဇွန်းကဦးဆောင်၍ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေး၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းမှ စီးပွားရေးလမ်းကြောင်းသို့အကြောင်းအရာနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်က ဦးဆောင်၍ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုတိုးချဲ့နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာစမတ်(စ်)စွန်ထော်ရဝဲ့ကဦးဆောင်၍ ယှဉ်ပြိုင်နိုင်စွမ်းတိုးမြှင့်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်တည်ဆောက်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းကဦးဆောင်၍ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကဦးဆောင်၍ ယှဉ်ပြိုင်မှုစွမ်းအားတိုးမြှင့်ရေးတွင် ရေရှည်တည်တံ့မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုအခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် တတိယအကြိမ်မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ တံခါးပိတ်ထိပ်သီးအစည်းအဝေး သဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းက မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၏ဦးဆောင်ဆွေးနွေးသည်များနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး တတိယအကြိမ်မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ တံခါးပိတ်ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လက်မှတ်ရေးထိုးပွဲတက်ရောက်

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်းလွဲ ၁၂နာရီ မိနစ် ၂၀တွင် အဆိုပါဟိုတယ်ရှိ Convention Hall Zone(A)၌ ကျင်းပသည့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း တောင်-မြောက်စီးပွားရေး၊ စကြံလမ်းကြောင်း အပိုင်း(၃)ပြီးစီးမှုအခမ်းအနား၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း သတင်းအချက်အလက်အမြန်လမ်းကြောင်းကွန်ရက်အဆင့်(၁)ပြီးစီးမှု အခမ်းအနား၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏အစိုးရတို့ကိုယ်စား သဘောတူညီချက်များလက်မှတ်ရေးထိုးပွဲအခမ်းအနားများနှင့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ ထိပ်သီးအစည်းအဝေးပူးတွဲကြေညာချက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားများသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်း နယ်စပ်ဖြတ်ကျော်၍ လျှပ်စစ်ဓာတ်အားကုန်သွယ်မှု အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လမ်းပြမြေပုံဆိုင်ရာ နားလည်မှုစာလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ရှင်းလင်းပြသ

ရှေးဦးစွာ တောင်-မြောက်စီးပွားရေးစင်္ကြံဖြစ်သည့် ဗန်ကောက်-ကူမင်း စင်္ကြံလမ်းရှိ လာအိုနိုင်ငံအတွင်း လမ်းပိုင်းလမ်းကြောင်းအပိုင်း(၃) ပြီးစီးမှု အထိမ်းအမှတ်ဖွင့်ပွဲကို ကျင်းပရာ လမ်းကြောင်းအပိုင်း(၃)နှင့် စပ်လျဉ်း၍ အခမ်းအနားမှူးက ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါတို့က အပိုင်း(၃)ပြီးစီးခြင်း အထိမ်းအမှတ်ဖဲကြိုးကို ဖြတ်ပေးကြသည်။

ထို့နောက် မဟာမဲခေါင်ဒေသတွင်း၌ သတင်းအချက်အလက်ဆက်သွယ်ရေး စူပါဟိုင်းဝေးကွန်ရက်စီမံကိန်းအဆင့်(၁)ပြီးစီးမှု အခမ်းအနားကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးက မဟာမဲခေါင်ဒေသတွင်း၌ သတင်းအချက်အလက် ဆက်သွယ်ရေးစူပါဟိုင်းဝေး ကွန်ရက်စီမံကိန်းအဆင့်(၁)ပြီးစီးမှုနှင့် စပ်လျဉ်း၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။

မျှော်မှန်းချက်

ယင်းနောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း၌ သတင်းအချက်အလက် ဆက်သွယ်ရေး စူပါဟိုင်းဝေးကွန်ရက်စီမံကိန်းအဆင့်(၁)၏ နောက်ခံအကြောင်းအရာ၊ တည်ဆောက်မှု၊ အရေးပါမှုနှင့် မျှော်မှန်းချက်များကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့က မြေပုံပေါ်ရှိ မဟာမဲခေါင်ဒေသအတွင်း သတင်းအချက်အလက်အမြန်လမ်းကြောင်း ကွန်ရက်အဆင့်(၁)ဆက်ကြောင်းပြလမ်းကြောင်းကို မီးခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း သတင်းအချက်အလက် အမြန်လမ်းကြောင်း ကွန်ရက်အဆင့်(၁)နှင့်စပ်လျဉ်း၍ ရှေ့အလားအလာနှင့် အရေးပါမှုကိုရှင်းလင်း ပြောကြားသည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက ပြန်လည်သုံးသပ်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပူးတွဲကြေညာချက်

ယင်းနောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ အစိုးရတို့ကိုယ်စားနားလည်မှုစာလွှာများ လက်မှတ်ရေးထိုးပွဲများနှင့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲများကို ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နယ်စပ်ဖြတ်ကျော်၍ လျှပ်စစ်ဓာတ်အားကုန်သွယ်မှု အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လမ်းပြမြေပုံဆိုင်ရာ နားလည်မှုစာလွှာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများက မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ၏ နိုင်ငံခေါင်းဆောင်များရှေ့တွင် လက်မှတ်ရေးထိုးကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် မဟာမဲခေါင်မြစ်ဝှမ်း တောင်-မြောက်စီးပွားရေးစင်္ကြံ ရေရှည်တည်တံ့ပြီး ညီညွတ်မျှတသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်နှင့် ယင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်မှုများ ထိရောက်မှုတိုးမြှင့်ရေးသို့ ဦးတည်သည့် နားလည်မှုစာလွှာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ ဝန်ကြီးများက မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံခေါင်းဆောင်များရှေ့တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များသည် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။

တတိယအကြိမ် မဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးက သဘောတူထုတ်ပြန်လိုက်သော ပူးတွဲကြေညာချက် (Joint Summit Declaration) ၌ နိဒါန်းပိုင်းအပြင် မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရှေ့စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် အနာဂတ်ဆောင်ရွက်မည့် လုပ်ငန်းလမ်းကြောင်းများ၊ မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်(၂၀၀၈-၂၀၁၂)နှင့် နိဂုံးအပိုင်းများ ပါဝင်သည်။

ထပ်မံဆုံးဖြတ်

နိဒါန်းပိုင်းတွင် တတိယအကြိမ် မဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခေါင်းဆောင်များသည် ပထမနှင့် ဒုတိယအကြိမ် မဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးတို့တွင် ချမှတ်ခဲ့သည့် အနာဂတ်မျှော်မှန်းချက်ဖြစ်သည့် မဲခေါင်ဒေသခွဲ ပေါင်းစည်းပြီး သာယာဝပြော၍ သာတူညီမျှမှုရှိသည့် ဒေသခွဲတစ်ခုဖြစ်ရန် ကတိကဝတ်များကို ထပ်မံ၍ ခိုင်မာပါစေကြောင်းနှင့် ပြည်သူများ၏ သာယာဝပြောရေးကို ပိုမိုမြှင့်တင်ပေးရန်အတွက် ပိုမိုရင်းနှီးစွာနှင့် အစွမ်းတမံဆက်လက်၍ အတူတကွဆောင်ရွက်ကြရန် ကတိကဝတ်ကို ထပ်မံဆုံးဖြတ်ကြကြောင်း ပါရှိသည်။

ထို့အပြင် မဲခေါင်ဒေသခွဲအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကြောင့် ခိုင်မာသည့် ရလဒ်ကောင်းများ တိုးတက်ဖြစ်ပေါ်မှုအခြေအနေ၊ ရှေ့အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းလမ်းကြောင်းများနှင့် ၂၀၀၈-၂၀၁၂ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ဆောင်ရွက်သွားမည့် မဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီအစဉ်တို့ကို ဖော်ပြထားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့ မြေပုံပေါ်ရှိ မဟာမဲခေါင်ဒေသတွင်း သတင်းအချက်အလက် အမြန်လမ်းကြောင်း ကွန်ရက်အဆင့်(၁) ဆက်ကြောင်းပြလမ်းကြောင်းကို မီးခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂-၄-၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၇း၅၀	၅။	တေးဂီတအစီအစဉ်
၈း၁၀	၆။	**အသက်ကလေးရယ်တဲ့ ရှည်စေလို** (ဦးအောင်လွင်၊ ကြည်စိုး၊ မေထွဋ်ခေါင်၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မျိုးမျိုးခိုင်၊ ဒေါ်ခင်ခင်ကြီး) (ဒါရိုက်တာ-ကြည်စိုး)
၈း၂၅	၇။	ချစ်စရာအရွယ်ကကြိုးသွယ်
၈း၃၀	၈။	International News
၈း၄၅	၉။	တေးဂီတအစီအစဉ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄း၃၅	၄။	သီချင်းကြီးပဒေသာ
၄း၅၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၆။	နှောင်းခေတ်တေးပဒေသာ
၅း၁၀	၇။	ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅း၂၅	၈။	ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	733; Colourful System of River (Part-1) 734; Colourful System of River (Part-2)
၇း၁၀	၁၂။	မြန်မာ့ခလေ့ရိုးရာလက်ဇော့
၇း၂၅	၁၃။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၅၀	၁၄။	ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေး ဆရာဒကာ လက်တွဲညီစွာကြိုးပမ်းဆောင်ရွက်မှု (အပိုင်း-၃)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာဗီဒီယိုဇာတ်လမ်း **"နှောင်ဖွဲ့ တွယ်ငင်တတ်သော"** လူမင်း၊ အိန္ဒြာကျော်ဇင်၊ မျိုးစန္ဒီကျော် (ဒါရိုက်တာ-နေပိုင်)
	၁၉။	အစီအစဉ်ပြီး၏။

ကံထူးရှင်ရွေးချယ်

ရန်ကုန် ဧပြီ ၁

ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏(၂၃၁) ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၅၀၀)ဆု

ဖ-၂၇၈၁၁၈

ကျပ်သိန်း(၃၀၀)ဆုများ

ဝ-၃၀၆၄၄၁ စ-၈၉၈၀၅၃

ကျပ်သိန်း(၂၀၀)ဆုများ

က-၂၅၀၅၅၈ င-၅၇၁၇၉၁
ဇ-၇၆၄၂၃၇ ခ-၇၃၅၈၆၄

ကျပ်သိန်း(၁၀၀)ဆုများ

ဇ-၄၄၁၉၂၆ စ-၄၇၁၅၆၉
ဒ-၆၅၉၁၄၄ ထ-၅၄၆၄၆၆
ခ-၅၈၀၇၅၇ ဃ-၅၇၆၃၈၅
ရ-၇၈၆၆၈၄ လ-၁၃၁၅၉၃
ဃ-၄၄၂၀၈၈ ရ-၇၀၇၁၅၄
န-၈၂၃၃၀၆ တ-၉၃၀၄၈၃
ဗ-၄၂၇၅၇၈ သ-၄၈၉၁၅၂
ဖ-၁၈၈၉၃၀ ခ-၉၆၅၆၈၇
န-၂၆၁၃၀၆ အ-၆၅၆၆၄၀

ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

မ-၆၅၃၉၆၁ ဃ-၅၈၇၉၂၃
ဇ-၁၆၂၁၃၄ မ-၄၃၆၁၂၈
စ-၇၄၆၁၀၈ ဈ-၃၆၂၂၉၃
ဃ-၂၄၁၈၉၀ ဒ-၂၄၇၁၀၂
ဍ-၂၆၃၇၄၄ ဝ-၇၂၄၅၂၅
ခ-၁၅၄၃၃၅ ဖ-၉၄၂၂၂၆
က-၁၁၄၈၆၇ ဟ-၅၄၂၂၀၃
ထ-၅၇၃၀၀၃ ဘ-၆၈၂၅၉၉
ယ-၉၄၁၉၈၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သြစတြေးလျနိုင်ငံသံအမတ်ကြီးခန့်အပ်ရန်သဘောတူ

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သြစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာရောဘတ်ဂျိုးဇက်(ဖ်)ဒေးဗစ်(စ်)၏ နေရာတွင် မီးစ်မီရှဲလ်စုဝမ်ချန်းအား ခန့်အပ်ရန် သဘောတူညီလိုက်ပြီးဖြစ်သည်။

မီးစ်မီရှဲလ်စုဝမ်ချန်းသည် အယ်လ်ဒယ်လိတ်တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့ပြီး သြစတြေးလျ အမျိုးသားတက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ ဥပဒေဘာသာရပ်အဓိကဖြင့် မဟာဥပဒေဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ဖနောင်ပင်မြို့၊ ဟန္နိုင်းမြို့များရှိ သြစတြေးလျ သံရုံးများနှင့် သြစတြေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မီးစ်မီရှဲလ်စုဝမ်ချန်းသည် ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဂျကာတာမြို့ရှိ သြစတြေးလျနိုင်ငံသံရုံး၌ သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန အရှေ့တောင်အာရှ(တောင်)နှင့် ဒေသဆိုင်ရာ ကိစ္စရပ်များဌာနခွဲ၌ လက်ထောက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မီးစ်မီရှဲလ်စုဝမ်ချန်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး ကလေးတစ်ယောက်ရှိသည်။

(သတင်းစဉ်)

ပညာမြေဆရာတော်တရားပွဲ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ ပညာမြေကျောင်းဆရာတော် ဒေါက်တာ အရှင်ဉာဏဂ္ဂ သည် ဧပြီ ၄ ရက်နှင့် ၅ ရက်များ၌ မွန်းလွဲ ၁ နာရီတွင် မော်ကျွန်းမြို့ ပုညဝမှ စာသင်တိုက်၌ စာအောင်သံဃာတော်များအား အင်္ဂလိပ်စာ လေ့လာသင်ကြားနည်းကို ဟောပြောပို့ချမည်ဖြစ်ပြီး ည ၇ နာရီတွင် မော်ကျွန်းမြို့ ကြံခိုင်ရေးလမ်း၌နိဗ္ဗာန်ရောက်ကြောင်းတရားတော်များဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ဧပြီ ၁ ရက်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉) ကျောင်းဆင်း နှစ် (၂၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဧပြီ ၁

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄)၊ အမှတ် (၁၄)တွင် "ရေလောင်းတဲ့သင်္ကြန် ငွေလောင်းတဲ့သင်္ကြန် ခါတော်မီသင်္ကြန်"၊ စီးပွားသုံးသပ်ဆောင်းပါးနှင့်အတူ ဟိုင်းဝေးခရီးသွားလာမှုတွင် ခရီးလမ်းပန်း အန္တရာယ်ကင်းရေးဆောင်ရန် ရှောင်ရန် အချက်များ၊ အမျိုးသားအကျိုးစီးပွားနှင့်ယှဉ်သော စာပေလွတ်လပ်ခွင့်များ ဆက်လက်တိုးမြှင့်ပေးသွားမည်ဟု ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကပြောကြား၊ မေလ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို လွတ်လပ်မျှတအောင် ဆောင်ရွက်မည်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ် ဖြန့်ချိပေးနေ၊ အက္ခရာနံပါတ်သစ် "၁၈/"လာပြီ၊ ပြည်ပနှင့် ချိတ်ဆက်၍ ရေထွက်ပစ္စည်းများ၊ CMP စနစ်ဖြင့် re-export လုပ်ရန်စီစဉ်၊ အဝေးပြေးကားများကိုစိစစ်ရန် စစ်ဆေးရေးဂိတ်များထားမည်၊ GMS ထိပ်သီးအစည်းအဝေး မြန်မာတက်ရောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်ရန် GMS ခေါင်းဆောင်များ သဘောတူခဲ့၊ ဈေးနှုန်းအပြောင်းအလဲရှိသည့် လက်မှတ်ကြောင့် ခရီးသည်များအခက်ကြုံနေ၊ မြို့တော်ဝန်သင်္ကြန်မဏ္ဍပ်ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာကျင်းပမည်၊ ရေကစားဖို့ မဏ္ဍပ်နဲ့ ဈေးနှုန်းသိလိုလျှင် သင်္ကြန်တွင်း စာပို့စာဝေမှုများ၊ အမြန်ချောပို့ဖြင့်ဆောင်ရွက်ပေးမည်၊ လေကြောင်းခရီးများ၊ သင်္ကြန်မှာမနား၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ"သင်္ကြန်"အကြောင်းစသည့် ပြည်တွင်းရေးရာသတင်းများ၊ သင်္ကြန်အကြိုနောက်ဆုံးစက်ရပ်သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ။

စွန့်ပစ်အမှိုက်များ ၆၀ ရာခိုင်နှုန်း လျော့နည်းစေရန် ဂျပန်စီစဉ်၊ထောက်ခံမှုကျဆင်းလို့ ဆာကိုဇီ အပြောင်းအလဲလုပ်၊ မလေးရှား လူဝင်မှုကြီးကြပ်ရေးက နိုင်ငံခြားသားအလုပ်သမား ၁၃၀အား ထိန်းသိမ်းထား၊ အမေရိကန် ဆယ်ကျော်သက် မိန်းကလေးလေးဦးတွင် တစ်ဦးသည် လိင်ဆက်ဆံမှုမှ ကူးစက်ရောဂါရှိနေ၊ ကိုရီးယားကျွန်းဆွယ် ပြန်လည်ပေါင်းစည်းရေး နိုင်ငံခြား အင်အားစုများအပေါ် မှီခိုအားထားခြင်းမပြုသင့်၊ ချိန်းတော့ဖြင့်ချိန်းကြလေပြီ၊ အီရတ် အာဖဂန်နစ္စတန်စစ်ပွဲများအတွက် တပ်မှူးသစ် အမေရိကန် ရွေးချယ်၊ ဘောလုံးပွဲများတွင် အမျိုးသားသီချင်းမဆိုတဲ့ ဝိန်းရွန်နီရဲ့ လျှို့ဝှက်ချက်၊ အသက်အာမခံ ဒေါ်လာ ၂ ဒသမ ၈ သန်းရလိုမှုအတွက် လူသတ်မှုကျူးလွန်တဲ့ အဘွားအိုနှစ်ဦးအကြောင်း နိုင်ငံတကာမှုခင်းရေးရာ၊ "ပြောရဦးမယ် သူတို့ကဒီလိုတဲ့" နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍသစ်၊ အသင်းကြီးတွေ ရတတ်ဖြာအောင်ကစားရမယ့် ပရီမီယာလိဂ်ပွဲစဉ်(၃၃)အားကစားသုံးသပ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

သာသနာတော်အလင်းတန်းကြီးအား ပီတိအဟုန်ဖြင့် စုံဆယ်ဖြာလက်ယှက်မိုး၍ ရှိခိုးဦးခိုက်ပူဇော်

တက္ကသိုလ်လှမောင်

ကျွန်တော်သည် ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)မှ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် စီစဉ်ကျင်းပသော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့ခံ ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကွေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိလာသအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသဒ္ဓါပွားခဲ့ရပါသည်။

နိုင်ငံတော်အစိုးရသည် နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့တွင် ဘွဲ့တံဆိပ်တော်ရရှိသောစာရင်းကို ထုတ်ပြန်လေ့ရှိပါသည်။ သာသနာဆိုင်ရာ ဘွဲ့တံဆိပ်တော်အဆင့်ဆင့် ရရှိတော်မူကြသော ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များစာရင်းကိုလည်း ထုတ်ပြန်ကြေညာလေ့ရှိပါသည်။ သာသနာဆိုင်ရာ ဘွဲ့များတွင် အမြင့်ဆုံးမှာ အဘိဓဇဘွဲ့တော်များဖြစ်ပါသည်။

နံနက် ၉နာရီ။ တပေါင်းနွေလရာသီပင် ဖြစ်သော်လည်း နှင်းဆီကုန်းဘိုးဘွားရိပ်သာပေါ်တွင်မူ အေးချမ်းဆိတ်ငြိမ်နေလေသည်။ ဘွဲ့ခံဆရာတော်၏ မေတ္တာဓာတ်လျှံ တရားသံတို့သာ အေးငြိမ်းစွာလွင့်ပျံ့နေသည်။

"ဒကာတို့ ကြံ့ကြိုက်ဆိုတဲ့ စကားလုံးလေးက သာသနာအတွက် အဓိပ္ပာယ် လေးနက်လှပါတယ်။ သာသနာနှင့် ကြုံတုန်း ကြိုက်လိုက်ကြပါ။ ကောင်းမှုကုသိုလ်တွေ လုပ်ခွင့်ရတုန်း ကောင်းခြင်းတရားတွေနဲ့ ကြုံတုန်း ကြိုက်လိုက်ကြပါ။ ဒါနနဲ့ကြုံ ဒါနကိုကြိုက်၊ ကုသိုလ်နဲ့ကြုံတုန်း ကုသိုလ်ကို ကြိုက်လိုက်ရင် တန်ဖိုးကြီးမားလှပါတယ်။

မှန်လှပါသည်၊ ကြုံပေမယ့် မကြိုက်တတ်သူတို့ ဒုက္ခသံသရာထဲ မြုပ်နေကြဆဲ၊ မျောနေကြဆဲပါ။ ဒေဝဒတ်သည် မြတ်ဘုရားနှင့် ကြုံပင်ကြုံသော်လည်း မကြိုက်တတ်ခဲ့တော့ အဝီစိငရဲမှာ ကျခံနေရဆဲပါ။

ခွင့်ကြုံတုန်းမှ မရုန်းချင်လျှင် အရှုံးနှင့်ပြင်ရှိလိမ့်မလဲ၊ ခွင့်ကြုံခိုက်မှာ မကြိုက်ချင်လျှင် အမိုက်နှင့်ပြင်ရှိလိမ့်မလဲ ဆိုသည့် ဆရာတော်ကြီး တစ်ပါး၏ ဆုံးမစကားကို ကြားယောင်နေမိသည်။

ကြုံတဲ့အခါ ကြိုက်တတ်သွားသူတို့အဖို့ ဝဋ္ဋဒုက္ခ သံသရာများမှ ကျွတ်လွတ် သွားကြပေပြီ။ ဘုရားတစ်ဆူတစ်ဆူနှင့်ကြုံတိုင်း လူနတ်ဗြဟ္မာတို့ ၂၄-သင်္ချေ ကုဋေ ဖဝနှင့် ဗိုလ်ခြေတစ်သိန်း ကျွတ်တမ်းဝင်ခဲ့ကြပါသည်။ (သောတတ္ထကီကျမ်းနှင့် တထာဂတုပ္ပတ္တိကျမ်း)။

သာသနာပြု ဘွဲ့တံဆိပ်တော်မှာလည်း ရခဲလှပါသည်။ ထိုအထဲတွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့နှင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့များမှာ အမြင့်ဆုံး ဘွဲ့များဖြစ်နေသဖြင့် ရရှိရန် ပိုမိုခက်ခဲလှပါသည်။ ငါးကြီးကွေ့ဆရာတော်ကြီးသည် ထိုရရန်ခက်ခဲသော ဘွဲ့တော်ကြီးကို ရရှိတော်မူခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ဆရာတော်ကြီးအား ဖူးမြော်ပူဇော်ခွင့်ရသည်ကို များစွာကြည်နူးခဲ့ရပါ၏။

ဆရာတော်သည် ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကွေ့ရွာမှာပင် မွေးဖွားကြီးပြင်း၊ ထိုရွာမှာပင် ငယ်စဉ်ကတည်းက ယနေ့တိုင်အောင်နေထိုင်သီတင်းသုံးလျက်ရှိသည်။ ဒီရွာမှာမွေး၊ဒီရွာမှာကြီးပြင်းပြီး ဒီရွာကိုပင် ဗဟိုထား၍ သာသနာပြုလုပ်ငန်းများ ကြိုးပမ်းသွားပုံများမှာ အံ့မခန်းကြည်ညိုဖွယ်ရာပင်ဖြစ်ပါသည်။ ဆရာတော်ကြီးအား နိုင်ငံတော်က အမြင့်ဆုံးသာသနာပြုဘွဲ့တော်ကြီးဖြစ်သော 'အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက' ဘွဲ့တော်ကြီးကို ဆက်ကပ်တော်မူခဲ့လေသည်။ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဘာသာ၊ သာသနာအတွက် စိတ်ရှည်သည်းခံ ဇွဲမျိုးသန်သည့် အာဇာနည်ပုဂ္ဂိုလ်များ ပေါ်လာနိုင်ပါစေသတည်းဟူ၍ ဆုတောင်းနေမိပါသည်။

လောကတွင် ကောင်းမြတ်သော အာဇာနည်ပုဂ္ဂိုလ်တို့ ပေါ်ထွန်းရန်ခက်ခဲလှပါ၏။ ထိုပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကျိုး ဘေးဖယ်ထားပြီး အများအကျိုးအတွက် ဘဝကိုအနစ်နာခံ မြှုပ်နှံ၍ တစိုက်မတ်မတ်ဆောင်ရွက်နေတတ်သူများပင် ဖြစ်ပါသည်။ ထိုအာဇာနည်ပုဂ္ဂိုလ်တို့သည် လောကငြိမ်းချမ်းရေးနှင့် သတ္တဝါများ ဘေးဒုက္ခသံသရာမှ လွတ်မြောက်ရေးအတွက် ကြီးမားလှသော မေတ္တာ ကရုဏာဖြင့် ဆောင်ရွက်နေကြသည်။ ထိုပုဂ္ဂိုလ်တို့၏ မေတ္တာရိပ်ကလည်း အေးချမ်းလှပါ၏။ နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး ဆိုသည်ကလည်း မြင့်မြတ်သောပုဂ္ဂိုလ်တို့၏ တရားသံများလွှမ်းရာ၊ အေးချမ်းရာနေရာ၊ မြင့်မြတ်သူတို့၏ မေတ္တာဓာတ်မြူး ကူးဆက်ပျံ့နှံ့ရာ နေရာတစ်ခုပင် ဖြစ်နေပါသည်။

ကျွန်တော်တို့ ကန်တော့ပြီးသောအခါ ဆရာတော်အား ဘိုးဘွားရိပ်သာ ဓမ္မာရုံပေါ်သို့ ပင့်ဆောင်သွားပြီး ဘိုးဘွားများက လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြပါသည်။ ဘိုးဘွားတို့၏ ကန်တော့မေတ္တာပို့သံများက အာကာနဘန်မိုးထက်ယံသို့ လွင့်ပျံတက်သွားလေတော့သည်။ ကျွန်တော့် မျက်ဝန်းတခိုမှာ မျက်ရည်တို့ပင် စွတ်စိုလာခဲ့မိတော့သည်။ တကယ့် သာသနာ့အလင်းတန်း စွမ်းအားများပါတကား။

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)မှ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် စီစဉ်ကျင်းပသော အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ခံ ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကွေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိလာသအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပစဉ်။

ကိုယ့်ဇာတိ၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဘာသာ သာသနာယဉ်ကျေးမှုကို တန်ဖိုးထားလေးစားတတ်ဖို့ အရေးကြီးလှသည်။ မျိုးချစ်စိတ်ဓာတ် အမျိုးသားရေးစိတ်ဓာတ် ဆိုသည်မှာ ဤသည်ကိုပင်ခေါ်ပါ၏။ ဆရာကြီး ဦးရွှေအောင်၏ စာတစ်ပိုဒ်ကိုအမှတ်ရလိုက်မိ၏။

'သေယျော သဒ္ဓမ္မော ဝိဂုဏော ပရဓမ္မာ သုနုဋ္ဌိတာ' သဒ္ဓမ္မော မိမိ၏ အမျိုး၊ မိမိ၏ရပ်ရွာ၊ မိမိ၏နိုင်ငံ၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုသည် ဝိဂုဏော ဂုဏ်မဲ့နေသည်ဟု ထင်ရစေကာမူ သုနုဋ္ဌိတာ အဆများစွာပို၍တိုးတက်နေသည်ဟုထင်ရသော ပရဓမ္မာ သူတစ်ပါးအမျိုး၊ သူတစ်ပါးရပ်ရွာ၊ သူတစ်ပါးနိုင်ငံ၊ သူတစ်ပါးတို့၏ ယဉ်ကျေးမှုထက် သေယျော မြတ်ပါ၏"တဲ့။

ဤဒေသ၊ ဤနိဂုံး၊ ဤမိဘအမျိုးအနွယ်၌ လူလားဖြစ်ရခြင်းသည် ဤဒေသ၊ ဤနိဂုံး၊ ဤအမျိုးအနွယ်တို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရန် ကံတရားက တာဝန်ပေးလိုက်ခြင်းဖြစ်၏။ အကယ်၍ မိမိအကျိုးစီးပွားကိုသာ ရှေးရှု၍ ဤဒေသထက်သာယာကောင်းမွန်သော အခြားဒေသသို့ သွားနေမည်ဆိုလျှင် မိမိသည် မိမိ၏ဘဝပေးတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်သူ မဖြစ်နိုင်၊ မိမိဒေသကို အထင်သေးပြီး သူတစ်ပါး၏ဒေသကို အထင်ကြီးသူသာ ဖြစ်ချေသည်။ ထို့အပြင် လူဖြစ်လာမှုအတွက် မိမိအပေါ် များစွာအကျိုးပြုခဲ့သော ဤဒေသ၊ ဤနိဂုံး၊ ဤမိဘတို့အပေါ် ကျေးဇူးကန်းရာသာ ရောက်ချေမည်တဲ့။ ကျွန်တော်တို့သည် မိမိတို့၏ အမျိုးကိုချစ်ကြ၏။ ကမ္ဘာပေါ်ရှိ အခြားလူမျိုးများကိုလည်း ဗြဟ္မစိုရ်မျက်စိဖြင့် ကြည့်၍ ချစ်သည်ပင်ဖြစ်ပါ၏။ သို့ရာတွင် ကတညုတမျက်စိဖြင့် ကြည့်သောအခါ ပဋ္ဌာန်းပါဠိတော် ဥပနိဿယပစ္စည်းအရ ကျွန်တော်တို့အပေါ်၌ ကျွန်တော်တို့လူမျိုးက ပို၍ ကျေးဇူးကြီး၏။ ထို့ကြောင့် အခြားလူမျိုးများအပေါ်ထက် ကျွန်တော်တို့ လူမျိုးများအပေါ် ကျွန်တော်တို့က ပို၍ကျေးဇူးဆပ်ရ၏။

ကြီးမြတ်သော ပူဇော်ခြင်း၊ ကျေးဇူးဆပ်ခြင်းဖြင့် ပူဇော်ကျေးဇူးဆပ်အပ်သည်မှာ မိမိနိုင်ငံ၊ မိမိလူမျိုးသာလျှင်ဖြစ်ပါ၏။ မှန်ကန်သော မျိုးချစ်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်တို့တွင် အခြားသူများကို နယ်ချဲ့ခြင်း ကျူးကျော်ခြင်း မပါဝင်ပါပေ။ ကျူးကျော်နယ်ချဲ့ပါလျှင်လည်း မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်ဟူ၍ အမည်တပ်၍မရ၊ ဝိသမလောဘသမားတို့၏ ကိစ္စရပ်သာလျှင် ဖြစ်ပါလိမ့်မည်။

ဒီတော့ ကျွန်တော်တို့၏ အမျိုးဘာသာ သာသနာ ရိုးရာယဉ်ကျေးမှု အစဉ်အလာများ မပျောက်ပျက်ရေး၊ ထွန်းကားရေးအတွက်လည်း ကျွန်တော်တို့ အပေါ်မှာသာလျှင် တာဝန်ကျရောက်လျက် ရှိနေပေသည်။

"ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ကောင်းစွာကြို့တင်၊ မပြုပြင်သော်၊ အမြင်မှိန်မှေး၊ အထင်သေး၍၊ ယဉ်ကျေးဖွယ်ရာ၊ အဖြာဖြာနှင့်၊ ဘာသာဝါဒ၊ ဟူသမျှတို့၊ စစကုန်သုဉ်း၊ ပြုတ်ပြုတ်ပြုန်းလိမ့်၊ ထွန်းဘုန်းသာသနာ၊ မှိန်သောခါဝယ်၊ ထွေရာကောင်းနိုး၊ ဝါဒမျိုးဖြင့်၊ အကျိုးမတည့်၊ ဖြစ်ပြန်ခဲ့မူ၊ တကယ့်တိုင်းကြီး၊ ပြည်အနီး၌၊ တိုင်းသီးပြည်ငယ်၊ မျက်နှာငယ်လိမ့်၊ သို့နှယ်ကြောင်းရာ၊ စုပေါင်းကာဖြင့်၊ ကောင်းစွာမျှော်ညို၊ ဆင်ခြင်မိ၍၊ တို့၏အမွေ၊ တို့နယ်မြေနှင့်၊ တို့မေဘာသာ၊ သာသနာကို၊ တို့သာကြံ့ကြံ့၊ စောင့်ရှောက်အံ့" **(အရှင်ဇနကာဘိဝံသ)**။

နိုင်ငံတော်အစိုးရသည် နှစ်စဉ် လွတ်လပ်ရေးနေ့၌ သာသနာ့အာဇာနည် ဘွဲ့ရရှိသည့် ပုဂ္ဂိုလ်များစာရင်းကို ကြည်ညိုသဒ္ဓါပွားနိုင်စေရန် သာသနနုဂ္ဂဟ သာသနာကို ချီးမြှင့်ခြင်းဖြင့် ချီးမြှင့်ထုတ်ပြန်ကြေညာပေးလေ့ရှိ၏။ တကယ်တော့ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို လွတ်လပ်ရေးနေ့မှာ ထုတ်ပြန်ပေးနေသည်ကပင် အဓိပ္ပာယ်အနှစ်သာရ အပြည့်အဝရှိလေသည်။ ကျွန်တော်တို့သည် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးပါတည့်။ တကယ့်တိုင်းကြီး၊ ပြည်အနီး၌ တိုင်းသီးပြည်ငယ်၊ မျက်နှာမငယ်စေရအောင် ကျွန်တော်တို့ ကြိုးစားခွင့်တွေနှင့် ကြုံကြိုက်နေကြပါပြီ။ ဆရာတော် မိန့်ကြားသလို ကျွန်တော်တို့ ကြုံတုန်းကြိုက်လိုက်ကြဖို့ အရေးကြီးလှသည်။ တစ်ပါးသူ၏ ကျေးကျွန်ဘဝ ရောက်သွားပါက ကျွန်တော်တို့ဘယ်လိုမှ မကြုံနိုင်၊ မကြိုက်နိုင်တော့ပါ။ သာသနာပအချိန် အဓမ္မတို့စိုးမိုးရာ နယ်မြေမျိုးဖြစ်နေလျှင် ကျွန်တော်တို့ကြိုးစားခွင့်တွေ ဘယ်လိုရနိုင်တော့မည်နည်း။ သုညကမ္ဘာ၏ အမှောင်ကာလ အမှောင်ညများကို ကျွန်တော်တို့ ဖြတ်သန်းခဲ့ကြဖူးပြီ။ သာသနာတွင်းကာလ ကြုံကြိုက်တုန်းမှာ အလင်းတန်းတွေ ဖြာနေအောင် ကြိုးစားရမည်။

နိုင်ငံတော်မှ သာသနာဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လိုက်ခြင်းသည် သာသနာအတွက် အလင်းတစ်ကွက်ပါတည့်၊ သာသနာပြုခြင်းလုပ်ငန်းဟူသည် ထိုအလင်းကွက်တွေ ဆက်၍ဆက်၍ ပေါ်ထွက်နေခြင်းသာဖြစ်ပါသည်။ သာသနာရောင်ဝါပြုမှသာလျှင် သာပါလိမ့်မည်။ သာသနာပြုသည့် အာဇာနည်ပုဂ္ဂိုလ်များ အဆက်မပြတ် ပေါ်ထွန်းနေလေ သာသနာအတွက် အားတက်ဖွယ်ရာ အလင်းကွက်တွေ ပြည့်နှက်နေလေ ဖြစ်ပါလိမ့်မည်။

မြတ်စွာဘုရားရှင်သည် အဝိဇ္ဇာဟူသည့် အမှောင်အမိုက်တိုက်ထဲမှ သတ္တဝါများကို ဆွဲထုတ်ကယ်တင်နိုင်ရန် နည်းလမ်းကျင့်စဉ်များ ထားပစ်ခဲ့ပါ၏။ ထိုနည်းလမ်းနိဿယတို့ကို ရဟန်းသံဃာတော်များက စောင့်ရှောက်သယ်ဆောင်လာခဲ့ကြပါ၏။

"ကိုယ့်တွက်များမြောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ရှေ့ခါဘိုးဘ၊ လက်ထက်ကလျှင်၊ ရသည့်တန်ဖိုး၊ ထပ်မညှိုးဖို့၊ အားကြိုးမာန်တက်၊ ငါဆောင်ရွက်သည်၊ ဆက်လက်သာသနာ တည်စေသော်" **(အရှင်ဇနကာဘိဝံသ)**။

သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကြီးများသည် အစဉ်အဆက် ပေါ်ထွန်းခဲ့ကြပါ၏။ ပေါ်ထွန်းဆဲလည်းဖြစ်ပါ၏။ နိုင်ငံတော်အစိုးရကလည်း ချီးမြှင့်မြဲ၊ ကျွန်တော်တို့ကလည်း ကြည်ညိုသဒ္ဓါ ထုံးစဉ်လာဖြင့် ပူဇော်ကြည်ညို၍ မရောင့်ရဲအောင် ဖြစ်နေရပါ၏။

ကျွန်တော်သည် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူခန်းမတွင်းမှနေ၍ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့ခံ ငါးကြီးကွေ့ဆရာတော်ကြီးအား မရောင့်ရဲနိုင်သော သဒ္ဓါတရားဖြင့် ကြည်ညိုပူဇော်နေရင်း ရောင်ဝါပြိုးပြက် တလက်လက်မြူး လင်းယှက်လာဦးတော့မည့် သာသနာတော်အလင်းတန်းကြီးအား မျှော်မှန်းတမ်းတ လျှမ်းပြည့်ဝသည့် ပီတိအဟုန်ဖြင့် စုံဆယ်ဖြာလက်ယှက်မိုး၍ ရှိခိုးဦးခိုက်ပူဇော်နေမိပါတော့သည်။ ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ၌ ကျေးရွာ ရှစ်ရွာမှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်ရေး နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်း

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၂၉ ရက်မှ ၃၁ ရက်အထိ စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်ရှိ ကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

တက်ရောက်

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည်မတ် ၂၉ရက် နံနက် ၈နာရီတွင် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ချင်ပြစ်၊ ရောက်ရင်းကုန်း၊ ပိတောက်ကုန်း၊ ကြာစီ၊ မုံသွင်၊ လှိုင်း၊ ကြူခြ်၊ ရွာနောင်၊ မရိုးတုန်း စသည့် ကျေးရွာ ကိုးရွာတို့မှ ဒေသခံပြည်သူ လေးထောင်ကျော် တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် တက်ရောက်လာသော ကျေးရွာအသီးသီးမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

လက်တွဲဆောင်ရွက်

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတစ်ဝန်း နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကဏ္ဍအသီးသီးတွင် ဘက်စုံထောင့်စုံ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို လက်တွေ့ သိရှိခံစားနိုင်ကြပြီဖြစ်ကြောင်း၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ပညာရေးကဏ္ဍ တိုးတက် ဖြစ်ထွန်းမှုများ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ၊ မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ဒေသအသီးသီးတွင် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ တိုးတက်ဖြစ်ပေါ်လာမှုကြောင့် ဒေသနေ တောင်သူလယ်သမားများ လက်ငင်းခံစားနေရသည့် အကျိုးကျေးဇူးများ စသည်တို့ကို အကျယ်တဝင့် ဆွေးနွေးရှင်းလင်းပြီး ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရက ဖော်ဆောင်နေသည့် လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာများ၌ လိုအပ်နေသော ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ချင်ပြစ်ကျေးရွာ အထက်တန်းကျောင်းခွဲ မွမ်းမံရန်အတွက် ငွေကျပ် ခုနစ်သိန်း၊ ကြူခြ်ကျေးရွာ မူလတန်းကျောင်း အချောသပ်ရန်အတွက် ငွေကျပ် နှစ်သိန်းငါးသောင်း၊ မရိုးတုန်းကျေးရွာ မူလတန်းလွန်ကျောင်းအဆောက်အအုံအတွက် ငွေကျပ် နှစ်သိန်းငါးသောင်း၊ ပိတောက်ကုန်းကျေးရွာ မူလတန်းလွန်ကျောင်းအဆောက်အအုံအတွက် ငွေကျပ်ငါးသိန်း စုစုပေါင်းငွေကျပ် ၁၇ သိန်းကိုလည်းကောင်း၊ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ကျေးလက် ပြည်သူများအတွက် အဝတ်အထည်၊ ဆပ်ပြာ၊ စောင်နှင့် အသုံးအဆောင်ပစ္စည်းများကို ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့နယ် ကျေးသမားကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ဖွံ့ဖြိုးတိုးတက်မှု

အဆိုပါတွေ့ဆုံပွဲသို့ ကျေးသမား၊ မင်းမ(အရှေ့)၊ မင်းမ(အနောက်)၊ ပုထိုးသာ၊ ဇီးဖြူကုန်း၊ ရွာသစ်၊ အိုင်းရောင်း၊ ကံကြီး၊ သီတင်း၊ ဇီးရင်း၊ ပုပ္ပါ၊ မောင်းတုံ၊ သင်တီးကန်၊ ကမ္ဘာ့ရပ်၊ ထီးလဲ စသည့် ကျေးရွာ ၁၅ ရွာမှ ဒေသခံပြည်သူ သုံးထောင်ကျော် တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် တက်ရောက်လာသော ကျေးရွာအသီးသီးမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်များကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ၌ ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် တက်ရောက်လာကြသော ကျေးရွာများ၌ လိုအပ်နေသော ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာတွင် ကျေးသမားကျေးရွာ အလယ်တန်းကျောင်းခွဲ အဆောက်အအုံအတွက် ငွေကျပ်သုံးသိန်း၊ ကံကြီးကျေးရွာ မူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ်တစ်သိန်း၊ မင်းမ(အနောက်)ကျေးရွာ အလယ်တန်းကျောင်းခွဲအဆောက်အအုံအတွက် ငွေကျပ်တစ်သိန်း၊ ပုပ္ပါကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ငွေကျပ်နှစ်သိန်း၊ ရွာသစ်ကျေးရွာ မူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ်တစ်သိန်း၊ ပုထိုးသာကျေးရွာ မူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်ကိုးသိန်းကို လည်းကောင်း၊ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ကျေးလက်ပြည်သူများအား ဆပ်ပြာ၊ အဝတ်အထည်၊ စောင်များနှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း ဗဟိုအတွင်းရေးမှူးက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့နယ် မင်းမကျေးရွာအုပ်စုရှိ ဆံတော်ရှင်ဆုထူးပန် ဆုတောင်းပြည့် ရွှေစဉ်ခုံကပ်ကျော်စေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး ဆက်ကပ်လှူဒါန်းပြီး ဆုထူးပန်ဆရာတော် နိုင်ငံတော်ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ ပဏ္ဍိတ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တပဏ္ဍိတအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ညနေ ၃ နာရီတွင် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

အဆိုပါတွေ့ဆုံပွဲသို့ လက်တောင်းကြီး၊ ချောင်းကန်၊ သာယာကုန်း၊ ရိုး(တောင်)၊ ရိုး(မြောက်)၊ ကုက္ကိုစု၊ မုံကြိုင်း၊ မကျီးလှ စသည့် ကျေးရွာ ရှစ်ရွာတို့မှ ဒေသခံပြည်သူ တစ်ထောင်ကျော် တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် တက်ရောက်လာသော ကျေးရွာအသီးသီးမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်း တင်ပြကြသည်။

ဝိုင်းဝန်းလက်တွဲ

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ ညီညီညွတ်ညွတ် ပူးပေါင်းကြိုးပမ်းမှုကြောင့် ယခုအခါ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုကို အပြည့်အဝခံစားနေကြရပြီဖြစ်ကြောင်း၊ နယ်ပယ်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်မှုတို့၏ အသီးအပွင့်ကိုလည်း ကျေးလက်ပြည်သူများပါမကျန် လက်တွေ့ ခံစားနေကြရပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များ ဆက်လက် ခိုင်မာဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက ဆက်လက်၍ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် လက်တောင်းကြီးကျေးရွာ ကျေးလက်ဆေးခန်းအဆောက်အအုံအတွက် အလှူငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများကိုလည်းကောင်း၊ ဗလာစာအုပ်များ၊ အဝတ်အထည်များနှင့် အသုံးအဆောင်များကိုလည်းကောင်း ဗဟိုအတွင်းရေးမှူးက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆွေးနွေးမှာကြား

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညပိုင်းတွင် ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ပုလဲမြို့ပေါ်ရှိ မြို့မိ မြို့ဖများနှင့် တွေ့ဆုံပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

သကြၤန်တွင်း တရားစခန်းများ

ဆရာစံ သီတဂူဓမ္မသဘင်

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ (သပိတ်အိုင်တောရ သဲကုန်းဆရာတော်)သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ(D.Litt, Ph.D)သည် (၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၁ ရက်) ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ကျိုက္ကဆံအားကစားကွင်း ဂိတ်အမှတ်(၉) အနောက်မြင်းပြိုင်ကွင်းလမ်း၌ ဆရာစံသီတဂူဓမ္မသဘင် (အထူးတရားပွဲ) သီတဂူ အာယုဒါနဆေးရုံတော်ဆေးနှင့် ဆေးပစ္စည်းအလှူ အထူးဓမ္မသဘင်အခမ်းအနားကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် သီတဂူအထောက်အကူပြုအဖွဲ့(ဆရာစံ) နိဗ္ဗာန်ဆော် (ဝါတွင်း၊ ဝါပ) ဆွမ်းလောင်းအသင်း၊ ဦးဝင်းထွန်း ဖုန်း-၅၄၀၂၂၆၊ ဦးဇင်မောင်သိန်း ဖုန်း-၀၉-၅၁-၃၀၆၉၃၊ ကိုတင်ထွန်း ဖုန်း-၅၅၄၁၈၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မှော်ဘီ အမြိုက်ကျောင်းသခ်မ်း

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လှော်ကား သဘာဝဥယျာဉ်အနီး လိပ်ပုတ်တောရကြီးကျေးရွာရှိ အမြိုက်ကျောင်းသခ်မ်း တရားစခန်းတွင် နှစ်စဉ်ကျင်းပမြဲအတိုင်း သင်္ကြန်တရားစခန်းကို ဧပြီ ၁၁ ရက်မှ ၂၂ ရက်အထိ နွေရာသီ သင်္ကြန်တရားစခန်းဖွင့်မည်ဖြစ်သည်။ တရားစခန်းအပြီး (တန်ခူးလပြည့်ကျော် ၂ ရက်) ဧပြီ ၂၂ ရက် နံနက် ၈ နာရီတွင် ဆရာတော် အရှင်အာစိဏ္ဏ၏ သက်တော်(၇၅)နှစ်ပြည့် စိန်ရတုအခမ်းအနားကိုလည်း အမြိုက်ဝတ်ရည်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ စေတနာရှင်များနှင့် ယောဂီများသည် အမြိုက်တရားစခန်း ဖုန်း-၇၀၃၅၁၀၊ သမိတိအဖွဲ့ အဖွဲ့ဥက္ကဋ္ဌ ဦးမန်းမောင်မောင်ဉာဏ် ဖုန်း-၆၆၂၉၆၆၊ သမိတိအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးလှထွန်း ဖုန်း-၆၁၀၂၅၈၊ သမိတိအဖွဲ့ အဖွဲ့ဝင် ဦးသန်းထွဋ် ဖုန်း-၀၉၉၉-၂၁၇၅၀ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် တရားစခန်းဝင်မည့် ယောဂီများသည် ဧပြီ ၁၁ ရက်ထက် နောက်မကျစေဘဲ အမြိုက်တရားစခန်းသို့ သတင်းပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

ပုလဲမြို့သစ် မင်္ဂလာရာမမွန်ကျောင်းတိုက်

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် မင်္ဂလာရာမမွန်ကျောင်းတိုက်၏ (၂၆)ကြိမ်မြောက် တော်ကူးမဟာသတိပဋ္ဌာန် ဝိပဿနာ ၁၀ ရက်စခန်း အလုပ်ပေးတရားပွဲကို (တန်ခူးလဆန်း ၂ ရက်မှ ၁၂ ရက်) ဧပြီ ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မဟာစည်သာသနာ့ရိပ်သာ ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ နည်းနိဿယဩဝါဒခံယူတော်မူသော မုဒုံမြို့နယ် တော်ကူးမဟာသတိပဋ္ဌာန် ဝိပဿနာကျောင်း မူလဆရာတော်ကြီး၏ တပည့်ဖြစ်သော မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် မင်္ဂလာရာမမွန်ကျောင်းတိုက်၏ ဆရာတော် ဘဒ္ဒန္တကေတုမာလာ ဦးဆောင်ညွှန်ကြား ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၇ ရက် ညနေ ၄ နာရီအရောက် လာရောက်ကြရန်နှင့် တရားစခန်းဝင်လိုသူများနှင့် အလှူဒါနပြုလုပ်လိုသူများ ဖုန်း-၆၃၈၄၁၄၊ ၆၃၈၃၂၅၊ ၀၉-၅၀-၃၇၆၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဘဒ္ဒန္တစတိလ သိက္ခာထပ်မွေးနေ့မင်္ဂလာကျင်းပမည်

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ၁၀ မိုင် စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစတိလ ဆရာတော်ကြီး၏ သက်တော်(၈၈)နှစ်၊ သိက္ခာတော် (၆၈)ဝါပြည့်မြောက် သိက္ခာထပ် မွေးနေ့မင်္ဂလာအခမ်းအနားကို ဧပြီ ၆ ရက်တွင် အဆိုပါ အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက်၌ နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့နံနက် ၉ နာရီတွင် သိက္ခာထပ်၊ သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်း သင်္ကြန် ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ကွက် ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာနေယျသည်(တန်ခူးလဆန်း ၆ရက်မှ တန်ခူးလပြည့်) ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ မူလကသစ်ပိုင် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးဇာနိဿရ (သဒ္ဓမ္မဇောတိကဓဇ)၊ ဦးနီ(ပါရမီ) တရားပြဆရာကြီးများနှင့်အတူ အလုပ်ပေး ၁၀ရက် တရားစခန်း ကျင်းပမည်ဖြစ်သည်။

တရားအားထုတ်လိုသူ ရဟန်းရှင်လူ ယောဂီများအနေဖြင့် ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက် ဖုန်း-၆၃၈၈၈၇၊ ၆၉၉၁၆၃နှင့် ၀၉-၅၀-၁၁၂၇၉ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် တရားအားထုတ်လိုသူများသည် မိမိတို့၏ တစ်ကိုယ်ရေအသုံးဆောင်များ တစ်ပါတည်းယူဆောင်၍ ဧပြီ ၁၁ရက် ညနေ အရောက်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

အရိယာဓမ္မာရုံကြီး၏ မဟာသင်္ကြန်တရားပွဲ

ရန်ကုန် ဧပြီ ၁

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း၏ အရိယာဓမ္မာရုံကြီးတွင် မိုးကောင်းကျောင်းတိုက်မှ ပဓာနနာယကဆရာတော် ဦးဝိလာသက သင်္ကြန်အကြိုနေ့တွင်လည်းကောင်း၊ ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ မိုးညှင်းအရှင်ဣန္ဒကဆရာတော်က သင်္ကြန်အကျနေ့တွင်လည်းကောင်း၊ ရန်ကင်းနိမိတ္တာရုံကျောင်းတိုက်မှ အရှင်ဣန္ဒောဘာသက သင်္ကြန်ပထမအကြတ်နေ့တွင်လည်းကောင်း၊ မြောက်ဥက္ကလာပဝိဇ္ဇာမဂ္ဂင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်ကောဝိဒက ဒုတိယအကြတ်နေ့တွင်လည်းကောင်း၊ ရန်ကင်းမေဒိနီကျောင်းတိုက်က မဟာဂန္ထဝါစကပဏ္ဍိတဓမ္မာစရိယစာချဆရာတော် ဘဒ္ဒန္တဝိလာသက သင်္ကြန်အတက်နေ့တွင်လည်းကောင်း၊ ရန်ကင်းမဟာဗောဓိကျောင်းတိုက်မှ တိုက်အုပ်ဆရာတော်ဓမ္မာစရိယ အရှင်နန္ဒက နှစ်ဆန်းတစ်ရက်နေ့တွင် လည်းကောင်း နေ့စဉ်မွန်းလွဲ ၂နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ပန်းတဉ်းတန်းအရဏ်တော်ဝတ်အသင်း သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ရှိ ပန်းတဉ်းတန်းအရဏ်တော်ဝတ်အသင်း ဓမ္မာရုံကြီးတွင် ဧပြီ ၁၂ရက်(သင်္ကြန်အကြိုနေ့)မှ ဧပြီ ၁၇ရက်(နှစ်ဆန်းတစ်ရက်နေ့)အထိနေ့ အထူးတရားစခန်းပွဲများ ကျင်းပသွားမည်ဖြစ်သည်။

နေ့စဉ်နံနက်၉နာရီတွင် အသင်းကြီး၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသံဝရဗောဓိ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များက သီလပေး တရားပွဲများ၊ မွန်းတည့် ၁၂နာရီတွင် တရားထိုင်ခြင်းနှင့် မွန်းလွဲ၂နာရီတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဆရာတော်များ၏ ခန္ဓာဉာဏ်ရောက်တရားပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သဲအင်းဂူ သင်္ကြန်ခုနစ်ရက်အဓိဋ္ဌာန် တရားပွဲ

ရန်ကုန် ဧပြီ ၁

ရန်ကင်းမြို့နယ် မိုးကောင်း ဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ လစဉ်ကျင်းပမြဲဖြစ်သော အဓိဋ္ဌာန်တရားပွဲကို မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းသွင်းရန်နှင့် ဧပြီ ၁၁ရက်(သောကြာနေ့) ညနေ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက်ကြရမည်ဖြစ်ပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မဇ္ဈိမဂုဏ်ရည် ဧပြီလဓမ္မခရီးစဉ်နှင့် သင်္ကြန်အထူးတရားစခန်း

ရန်ကုန် ဧပြီ ၁

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက ဓမ္မကထိကဗဟုဇနဟိတရေ ကမ္မဋ္ဌာနာစရိယ မဟာစည်နယ်လှည့်ဓမ္မကထိက သာသနတက္ကသိုလ်ဓမ္မာစရိယ B.A, M.A, Ph.D (India) ဒေါက်တာဘဒ္ဒန္တကောဝိဒ အရှင်မြတ်သည် ဧပြီ ၂ရက်တွင် ဘီလူးမြို့၊ ၃ရက်တွင် နန့်မွန်းမြို့၊ ၄ရက်တွင် ဖားကန့်မြို့၊ ၅ရက်တွင် မြစ်ကြီးနားမြို့၊ ၆ရက် ညနေဆည်းဆာတွင် လှိုင်မြို့နယ် ၈လမ်း၊ ည ၈နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် တပ်မြေဓမ္မသဘင်၊ ၇ရက်တွင် ကျောက်မြောင်း ဗျိုင်းရွာမ အေးဓမ္မာရုံ၊ ၈ရက်နှင့် ၉ရက်များတွင် မင်းလှမြို့ အထူးတရားပွဲ၊ ၁၀ရက်တွင် သန်လျင်မြို့ ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်းစု (၆၈) သုံးနှစ်ပြည့် အထူးပွဲ၊ ၁၄ရက် မွန်းလွဲ၂နာရီတွင် စံရာအောင်မြေရိပ်သာကမ္ဘာအေး၊ ၁၇ရက်တွင် ဒေါပုံသာသနာ့ အလင်းရောင်ကျောင်းတိုက်၊ ၁၈ရက်တွင် ပြည်မြို့၊ ၁၉ရက်တွင် ပြလို့စံပြကျေးရွာ၊ ၂၀ရက်နှင့် ၂၁ရက်များတွင် ပေါက်ခေါင်းပုဗ္ဗာရုံကျောင်း ဓမ္မသဘင်၊ ၂၂ရက်တွင် အင်းမမြို့၊ ၂၃ရက်တွင် နတ်တလင်းမြို့၊ ၂၅ရက်တွင် ကျိုက်ထီးရိုးရင်ပြင်၊ ၂၆ရက်တွင် ပုဇွန်တောင်မြို့နယ် တောင်လုံးပြန်ရပ်ကွက်၊ ၂၇ရက်တွင် ပန်းတနော်မြို့ မြတောင်စာသင်တိုက် ဓမ္မသဘင်၊ ၂၈ရက်တွင် ၁၆လမ်း ဓမ္မသဘင် အထူးတရားပွဲများ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

မဇ္ဈိမဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာ သင်္ကြန်အထူးတရားစခန်းပွဲကို ဧပြီ ၁၂ရက်မှ ၁၇ရက်အထိ ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တကောဝိဒ ကိုယ်တော်တိုင်ကြီးမှူး၍ တရားပြသဟောကြားမည်ဖြစ်ရာ စာရင်းပေးသွင်းထားသော ယောဂီများသည် ဧပြီ ၁၁ရက် ညနေ ၅နာရီတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ မိမိတို့ဆိုင်ရာ အသုံးအဆောင်များကိုယူဆောင်၍ အရောက်လာရမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

လသာမြို့နယ် မဟာဗန္ဓုလလမ်းနေ ဦးကျော်လင်း-ဒေါက်တာဥမ္မာနု (ရတနာနန်းတော်) မိသားစုက ဒေါက်တာဥမ္မာနု၏မွေးနေ့ကောင်းမှုအဖြစ် ရန်ကင်းပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေကျပ်တစ်သိန်းကို ရွှေပြည်ဟိန်းဆရာတော်ထံ လှူဒါန်းရာ မယ်တော်ကြီးဒေါ်အမာ လက်ခံယူစဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကမာရွတ်မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ အသင်း၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များမှာကြား

ရန်ကုန် ဧပြီ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၃၀ ရက်က ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ အသင်း၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်တိုးတက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မြို့နယ်အသင်းအတွက် အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမိုးအောင်က လက်ခံသည်။

ထို့နောက် အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ် ၂၀၅၀၀၀၀ ကိုပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လက်ခံသည်။

မှာကြား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စုပေါင်းခန်းမ၌ အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ အသင်း၏ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်တိုးတက်စေရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

လက်ခံ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အသင်းအတွက် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်း အတွင်းရေးမှူးဦးတင့်လွင်က လက်ခံသည်။ ထို့နောက် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၂၀၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လက်ခံယူကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အတုလမဂ္ဂ သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် နွယ်ခွေစံပြကျေးရွာ အတုလမဂ္ဂကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်တွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆဋ္ဌမအကြိမ်မြောက် သင်္ကြန်အထူးတရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ ရက်(၁၃၆၉ခုနှစ် တန်ခူးလဆန်း ၆ရက်မှ ၁၂ရက်)အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဧပြီ ၁၀ ရက် ညနေအရောက် လာရောက်ကြရမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တထေရဝံသာဘိဝံသ၊ အကျိုးတော်ဆောင် ဆရာတော်မြို့နယ်သံဃနာယကအဖွဲ့ စမ်းချောင်းမြို့နယ်၊ ဘဒ္ဒန္တသုမန သာသနဓဇဓမ္မာစရိယ ဒေါနခြိအုဋ္ဌကျောင်း မန္တလေးမြို့၊ ဘဒ္ဒန္တဉာဏိဿရ မဟာဂန္ထဝါစကပဏ္ဍိတ အကျိုးတော်ဆောင်ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ မရမ်းကုန်းမြို့နယ်၊ ဘဒ္ဒန္တကုမာရ (M.A ကိုလံဘို) သိမ်ကုန်းကျောင်း ကျောက်တန်းမြို့နယ်၊ ဘဒ္ဒန္တသုနန္ဒ မဉ္ဇူကျောင်း မြောက်ဥက္ကလာပမြို့နယ်နှင့် အတုလမဂ္ဂကမ္မဋ္ဌာန်းရိပ်သာကျောင်း နွယ်ခွေစံပြကျေးရွာ မင်္ဂလာဒုံမြို့နယ်တို့၏ ပဓာနနာယကဆရာတော်များက တရားတော်များ ဟောကြားပြသမည် ဖြစ်သဖြင့် တရားစခန်းဝင်လိုသူများနှင့် လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း-၆၃၀၄၄၆၊ ၀၉-၅၀-၅၀၀၀၄ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျိုက်ဝိုင်းစေတီတောင်ဘက်စောင်းတန်းတော်ကြီး ဖွင့်ပွဲရေစက်ချမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဧပြီ ၁

မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အသစ်ဆောက်လုပ်ပြီးစီးသော တောင်ဘက်စောင်းတန်းတော်ကြီး ဖွင့်ပွဲရေစက်ချမင်္ဂလာအခမ်းအနားကို ဧပြီ ၉ရက် (ဗုဒ္ဓဟူးနေ့) နံနက်၇နာရီတွင် စေတီတော်ရင်ပြင်ပေါ်ရှိ အောင်ဓမ္မာရုံ၌ ကျင်းပရန်စီစဉ်ထားကြောင်း စောင်းတန်းတော်ကြီး ဆောက်လုပ်ရာတွင် စေတနာထက်သန်စွာ ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်များအနေဖြင့် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

မုံရွာမြတမာဆရာတော်တရားဓမ္မသဘင်

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း သာကေတမြို့နယ် မုံရွာမြတမာကျောင်းတိုက်၏ ပဓာနနာယကဆရာတော်သည် ဧပြီ ၂ရက် ကျောက်တန်းမြို့ကျက်သရေဆောင်မင်းကျောင်းစေတီတော်မြတ်ကြီးဓမ္မသဘင်၊ ၃ ရက်ညတွင် သာကေတမြို့ ၇/အနောက်ရပ်ကွက် ပတ္တမြား(၄)လမ်းနှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော်၊ ၄ရက်ညတွင် သာကေတ ၇/အနောက်ရပ်ကွက် အောင်ချမ်းသာ(၇)လမ်း နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်၊ ၁၀ရက်တွင် သဒ္ဒါရုံ ၂/မြောက် သာကေတ ဓမ္မသဘင်၊ ၁၂ရက်တွင် တိုးချဲ့ ၂လမ်း ၂/မြောက် သာကေတ ဓမ္မသဘင်၊ ၁၄ ရက်တွင် သီဟိုဠ်လမ်း မြောက်၊ ၁၇ ရက်တွင် အောင်သုခ ၁၉လမ်း ၆/အရှေ့ရပ်ကွက်သာကေတ တို့၌ တရားတော်များ ဟောကြားမည်ဖြစ်ရာ ဆက်သွယ်လိုပါက ဖုန်း ၀၁-၅၄၇၁၃၈ သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

စားပွဲတင်တင်းနစ်နှင့် ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၁

နေပြည်တော်တပ်ကုန်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော စားပွဲတင် တင်းနစ်နှင့် ကြက်တောင်ရိုက်ပြိုင်ပွဲကို မြို့နယ် အား/ကာ ခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ရာ စားပွဲတင်တင်းနစ် ဆုရသူများနှင့် ကြက်တောင် ရိုက်ပြိုင်ပွဲ ဆုရသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ (စာပေနှင့်စာနယ်ဇင်း)

International Beverages Trading Co.,Ltd. နှစ်ပတ်လည် ညစာစားပွဲကျင်းပ

International Beverages Trading Co.,Ltd. က အောက်မြန်မာပြည်ရှိ Brand Communication Outlet(BCO) စားသောက်ဆိုင်များနှင့် စတိုးဆိုင်ပိုင်ရှင်များအား တည်ခင်းဧည့်ခံသည့် နှစ်ပတ်လည်ညစာစားပွဲတွင် မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁

International Beverages Trading Co.,Ltd.က အောက်မြန်မာပြည်ရှိ Brand Communication Outlet(BCO) စားသောက်ဆိုင်များနှင့် စတိုးဆိုင် ပိုင်ရှင်များအား မတ် ၂၂ရက် ညပိုင်းက ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ နှစ်ပတ်လည် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နှစ်ပတ်လည်ညစာစားပွဲတွင် International Beverages Trading Co., Ltd.မန်နေးဂျင်းဒါရိုက်တာဦးအောင်မိုးကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Lazy Club တေးဂီတအဖွဲ့နှင့် စတူဒီယို တေးသံရှင်များက ခေတ်ပေါ်တေးသီချင်းများ သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

အလားတူ International Beverages Trading Co.,Ltd.က အထက်မြန်မာပြည်ရှိ Brand Communication Outlet(BCO) စားသောက်ဆိုင်များနှင့် စတိုးဆိုင်ပိုင်ရှင်များအား မတ် ၈ရက် ညပိုင်းတွင် မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ နှစ်ပတ်လည် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

International Beverages Trading Co.,Ltd.မှ ထုတ်လုပ် ဖြန့်ဖြူးသော ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့် စားသောက်ဆိုင်များ နှင့် စတိုးဆိုင်ပိုင်ရှင်များအား တရားဝင် ကိုယ်စားလှယ်များအဖြစ် ကုမ္ပဏီနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေး ကောင်းမွန်သောဆက်ဆံမှု တည်ဆောက်ရန်၊ လက်လီ၊ လက်ကားအရောင်းများနှင့် ကုန်သွယ်မှုများတွင် စီးပွားဖက်တစ်ဦးအနေဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန်၊ IBTC မှ ထုတ်ကုန်များ၏ လုံခြုံမှုနှင့် ရောင်းချမှုကို ထိန်းသိမ်းဆောင်ရွက်ရာတွင် အတူပူးပေါင်းဆောင်ရွက်ရန်၊ စားသုံးသူများနှင့် ဖြန့်ဖြူးရောင်းချ ပေးသူများအား ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်ကြရန် စသည့် သဘောထားရည်မှန်းချက်များဖြင့် နှစ်ပတ်လည် ညစာစားပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မိုးယံ့ချွေလေမင်းစမြတ်ဆုတူငွေ ထီနိုင်ကြီး၏ 'သိန်း(၅၀၀)ဆုကြီးကို(၉)ကြိမ်မြောက်စံချိန်သစ်တင်မင်္ဂလာ'
၂၀၀၈ ခုနှစ် ဘဏ္ဍာနှစ်ဦးတွင် မိုးယံ့ချွေလေမင်းစမြတ်ဆုတူငွေ ထီထိုင်ကြီးမှ ၁.၄.၂၀၀၈ ခုနှစ်(၂၃၁)ကြိမ်မြောက်၌
ဖ - ၂၇၈၁၁၈ ဖြင့် ကျပ်သိန်း(၅၀၀) အထူးဆုကြီး ကို
ထီလောကတွင်အများဆုံး(နဝမ-အကြိမ်မြောက်)(၉)ကြိမ်မြောက်စံချိန်သစ်တင်အောင်ပွဲခံထွက်ရှုပေးလိုက်ပါပြီ။

MYANMAR IVANHOE COPPER COMPANY LIMITED (TENDER NOTICE)
TENDER IFB NO. CS-08 (Service of Catering Service Provider for Expatriate Staff at Minesite)
CLOSING DATE & TIME: 7th April 2008 at 12:00 p.m.
Tender documents are available at the following address and queries can be made between 10 am and 4pm at MICCL Yangon office before the tender closing date.
Myanmar Ivanhoe Copper Company Limited
70 (I) Bo Chein Street, Pyay Road, Hlaing Township
Yangon, Myanmar (Tel: (95) 1-514194 to 7/ Fax: (95) 1-514208/ Email: miccl@miccl.com.mm)

ကျေးဇူးဆပ်ပါမည်
ကျွန်မ ဟေမာမင်း ၁၂/ကတန(နိုင်)၀၈၃၁၀၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်ဇ၇၅၄၂၇ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း- ၀၉-၅၁၇၂၁၉၆၊ ၀၉-၅၁၇၀၉၆၈၊ ၀၅၆-၂၅၃၂၉။

ပစ္စည်းများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်း
ရုံးတွင်း အသုံးပြုဆဲနှင့်မျက်မြင် အသုံးမပြုသော ပစ္စည်းများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချလိုပါ၍ (၅. ၄. ၂၀၀၈) ညနေ(၅) နာရီနောက်ဆုံးထား၍ ဖောင်များဝယ်ယူ နိုင်ပါသည်။ (၇. ၄. ၂၀၀၈) နံနက် (၁၀) နာရီတွင် ဈေးပြိုင်ဖွင့်ဖောက်၍ ရောင်းချသွားမည်ဖြစ်ပါသည်။
ဆက်သွယ်ရန်လိပ်စာ -
Idea Digital Inkjet Printing
အမှတ်(၂၂၈/ ၂၂၂)ဗိုလ်တထောင် ဘုရားလမ်း။
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

Golden Star
☎ -546874

သာကျွန်း

☎ : 392086, 380183

ကြည့်သူရင်ကို လန်းဆန်းစေမည့် ရေကြည်သစ် ရေဆေးပန်းချီပြပွဲ

အနုပညာရှင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း) ❑ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဧပြီ ၁

လူ့ဘဝမှာ နေ့စဉ်နဲ့အမျှ လှုပ်ရှားရုန်းကန်နေရတာမို့ ဘဝအမောတွေဟာ လူတိုင်းမှာ ဆုဝေနေတတ်ကြတာချည်းပါပဲ။ ဒီလို ဘဝအမောတွေ

"ရေဆေးပန်းချီကို ချစ်မြတ်နိုးတဲ့ ပန်းချီဆရာတွေ စုစည်းပြီး ပြသခြင်း ဖြစ်ပါတယ်"
ပန်းချီဆရာ လှတင်ထွန်း

ကို ခေတ္တ ပြေငြိမ်းပေးနိုင်မယ့် ရေကြည်သစ်လို့ အမည်ပေးထားတဲ့ ရေဆေးပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုဘုရားလမ်းထောင့်မှာရှိတဲ့ Snow-flake Art Gallery ပြခန်းမှာ ဧပြီ ၁ ရက်မှ ၇ရက်အထိ ခင်းကျင်းပြသနေပြီ ဖြစ်ပါတယ်။

ပြသထား

ဒီပန်းချီပြပွဲမှာ ပန်းချီဆရာ ၁၈ဦးဖြစ်တဲ့ လှတင်ထွန်း၊ ပုသိမ်မောင်မောင်သိမ်း၊ အောင်သိန်း၊ ကြည်ဝင်း (တူဒေး)၊ လွန်းဖေ၊ မြသောင်း၊ ဝင်းမြင့်မိုး၊ လှသိန်းအောင်၊ သိန်းမြင့်သိန်း၊ ဇော်ဝင်း (ကြည့်မြင်တိုင်)၊ တင်မြ၊ လှထွဏ်း၊ ကိုမောင်ကျော်သန်း၊ မောင်ဦး (ပေါင်)၊ စမ်းချောင်း ကိုကိုအောင်၊ အေးမင်း၊ စောတင့်ဝေနဲ့ နေဝင်းအောင်တို့ရဲ့ ရေဆေး ပန်းချီကား ၈၄ ကား ကို ခင်းကျင်း ပြသထားပါတယ်။

ရေဆေး ပန်းချီကားတွေချည်းဖြစ်တာမို့ ပြသထားတဲ့ ပန်းချီကားတိုင်းဟာ ရင်အေးစရာ မြင်ကွင်းအလှတွေ ချည်းပါပဲ။ ဒီပန်းချီပြပွဲနဲ့ပတ်သက်ပြီး "ရေဆေးပန်းချီကို ချစ်မြတ်နိုးတဲ့ ပန်းချီဆရာတွေ စုစည်းပြီး နွေရာသီမှာ လာရောက် လေ့လာကြည့်ရှုသူတွေ အေးချမ်းသွားစေအောင် ပြသခြင်း ဖြစ်ပါတယ်"လို့ ပန်းချီဆရာ လှတင်ထွန်းက ပြောပြပါတယ်။

ဒီပန်းချီပြပွဲမှာ **ဆလုံကျွန်း** လို့ အမည်ပေးထားတဲ့ ရေဆေးပန်းချီကားက ပန်းချီဆရာလှတင်ထွန်းရဲ့ လက်ရာပါပဲ။ "ဆလုံကျွန်းကမ်းခြေမှာ တံငါသည်တွေရဲ့ လှုပ်ရှားမှုသဘာဝတစ်စိတ်တစ်ပိုင်းကို ဖော်ပြထားခြင်းဖြစ်တယ်" လို့ ဆရာလှတင်ထွန်းက ရှင်းပြပါတယ်။ နေ့အချိန်မှာ စက်လှေ၊သဲသောင်ပြင်၊ အိမ်၊ တံငါသည်နဲ့ အုန်းပင်စိမ်းတွေကို အနွေးရောင်တွေသုံးပြီး နောက်ခံအမှိုင်းသုံးထားတာကြောင့်"ဆလုံကျွန်း" အလှဟာ ပေါ်လွင်နေပါတယ်။

ပျော်ရွှင်မှု

နောက်ထပ်စိတ်ဝင်စားစရာကောင်းတဲ့ ပန်းချီကားကတော့ **နေခြည်ဖျတ်ဖျတ်၊ ရေစပ်စပ်** လို့ အမည်ပေးထားတဲ့ ပန်းချီဆရာ ဝင်းမြင့်မိုးရဲ့ ရေဆေးပန်းချီကားပါပဲ။ ချောင်းသာကမ်းခြေမှာရှိတဲ့ ကျောက်တစ်လုံးစေတီနဲ့ သဲသောင်ပြင်မှာ လူတွေစည်ကားနေတဲ့ မြင်ကွင်းပန်းချီကားဖြစ်ပါတယ်။ "ဒီပန်းချီကားကတော့ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး ဗဟိုအဖွဲ့နဲ့အတူ ပုသိမ်မြို့နယ် ရိုးရာပန်းပညာရှင်များအဖွဲ့ ဖွဲ့စည်းရေးသွားရောက်ခဲ့စဉ်က ဒီပန်းချီကားကို ရေးဖြစ်ခဲ့တာပါ။ အဓိကအနေနဲ့ ညနေဆည်းဆာ တိမ်ရောင်စုံကွန့်မြူးနေပုံ၊ သောင်ပြင်ကို နေရောင်ဟပ်ပြီး ရေစပ်ရဲ့ မြင်ကွင်းအလှ ဖော်ပြထားတာပါ"လို့ ပန်းချီဆရာဝင်းမြင့်မိုးက ပြောပြပါတယ်။ ဒီပန်းချီကားကို ကြည့်ပြီး လွင့်ပျံ့မှုနဲ့ ပျော်ရွှင်မှုကို ခံစားရပါတယ်။

"နေခြည်ဖျတ်ဖျတ်၊ ရေစပ်စပ်လို့ အမည်ပေးထားတဲ့ ရေဆေး ပန်းချီကားက သောင်ပြင်ကို နေရောင်ဟပ်ပြီး ရေစပ်ရဲ့ မြင်ကွင်း အလှကို ဖော်ပြထားတာပါ"
ပန်းချီဆရာ ဝင်းမြင့်မိုး



နွေမိန်တပေါင်း

ကိုဇော်ဝင်း (ကြည့်မြင်တိုင်)၏ နွေ မိန် တ ပေါင်း ပန်း ချီ ကား က လည်းအညာဒေသ၏ ပူပြင်းခြောက်သွေ့သည့် နွေ သရုပ်ကို ပေါ်လွင် စေခဲ့သည်။

"ဆလုံကျွန်း"ဟု အမည်ပေး ထားသည့် ပန်းချီ လှတင်ထွန်း၏ ပန်းချီကားကလည်း တံငါသည်တွေ၏ လှုပ်ရှားမှုသဘာဝကို ဖော်ပြနေ။

ကိုဇော်ဝင်း (ကြည့်မြင်တိုင်)ရဲ့ **နွေမိန်တပေါင်း** လို့ အမည်ပေးထားတဲ့ ရေဆေးပန်းချီကားက စစ်ကိုင်းမြို့ဝန်းကျင်မှာရှိတဲ့ အညာဓလေ့ လက်ပံပွင့် ခူးနေ၊ ကောက်နေကြပုံ ဖြစ်ပါတယ်။ ဒီပန်းချီကားမှာ လက်ပံပင်၊ လက်ပံပွင့်၊ လက်ပံပွင့်ကောက်နေသူများကို အစိမ်းရင့်၊ နီညိုရောင်တွေနဲ့ ခြယ်မှုန်းထားတာပါ။ ဒါပေမယ့် အရောင်အားထက် အနုအရင့်အားကို အသားပေးထားတာမို့ အညာဒေသရဲ့ ပူပြင်းခြောက်သွေ့တဲ့ သရုပ်ကို ပေါ်လွင်နေပါတယ်။

တည်ငြိမ်အေးချမ်း

နောက်ထပ် ပန်းချီကားတစ်ချပ်ကတော့ လွန်းဖေရဲ့ **သက်ငြိမ်** အမည်ရှိ ပန်းချီကားဖြစ်ပါတယ်။ ပန်းအိုးနဲ့ ပန်းသီးကို အစိမ်း၊ အဝါစတဲ့ အအေးရောင်စဉ်တွေနဲ့ ရေဆေးကို နိုင်နိုင်နင်းနင်း အသုံးပြုထားတဲ့ အပြင် အရောင်၊ အရိပ်၊ အလင်းတွေရဲ့ ဖွဲ့စည်းမှု အားကောင်းတာကြောင့် ပန်းချီကားဟာ တည်ငြိမ်အေးချမ်းနေပြီး စိတ်ဝင်စားစရာကောင်းလှပါတယ်။

ဒါကြောင့် ရေဆေးပန်းချီကားတွေချည်း သန့်သန့်လေး ပြသထားတဲ့ **ရေကြည်သစ် ရေဆေးပန်းချီပြပွဲ**ဟာ လာရောက်လေ့လာသူတွေကို ဘဝအမောတွေ ပြေသွားစေနိုင်ပါကြောင်း အနုပညာသတင်း ဖြန့်ခင်းပေးလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

ရွှေတောင်မြို့နယ် ရွှေနတ်တောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရွှေတောင် မတ် ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း)ရွှေတောင်မြို့ သမိုင်းဝင်ရွှေနတ်တောင် စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မတ် ၂၁ ရက် (တပေါင်းလပြည့်နေ့) နံနက်က စေတီတော် ရင်ပြင်၌ ကျင်းပသည်။

လောင်းလှူ

အဆိုပါလောင်းလှူပွဲတွင် သံဃာတော်၃၂၅ပါးတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌဒေါက်တာခင်မောင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာ အုပ်စုများနှင့် အလှူရှင်များက အဖွဲ့လိုက်၊ တစ်ဦးချင်းအလိုက် စုပေါင်းလောင်းလှူကြသည်။ **(အပေါ်ပုံ)**

နာကြား

ထို့နောက် စေတီတော်ဂေါပက အဖွဲ့ရုံး၌ ရေစက်ချမင်္ဂလာ ဆက်လက်ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာဝိသုတာရာမဂန္ထာရုံ ကျောင်းတိုက်ဆရာတော်ဦးကောဝိဒထံမှ ငါးပါးသီလ ခံယူပြီး ရေစက်ချသာဓု အနုမောဒနာတရားများ နာကြားကြသည်။

ကျင်းပ

ယခုတတိယအကြိမ်လောင်းလှူပွဲတွင် ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုမျိုးစုံ စုစုပေါင်း ငွေကျပ် ၂၂၅၀၀၀ ကျော်လှူဒါန်းခဲ့ကြပြီး နှစ်စဉ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တီဘီရောဂါ ကာကွယ်ကုသမှုဆိုင်ရာ ယင်းမာပင်မြို့နယ်၌ သင်တန်းဖွင့်

ယင်းမာပင် မတ် ၂၅

မုံရွာခရိုင် ယင်းမာပင်မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မတ် ၁၇ရက် နံနက် ၉နာရီက တီဘီရောဂါ ကာကွယ်ကုသမှုဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ စစ်ကိုင်းတီဘီရောဂါကု ဆရာဝန်ကြီး ဒေါက်တာအေးသိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်ဆရာဝန်ကြီး ဦးတင့်ဆွေနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ကျန်းမာရေးဌာနမှ သင်တန်းသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာမြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းတီဘီရောဂါကုဆရာဝန်ကြီး ဒေါက်တာအေးသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် မတ် ၂၄ရက်တွင် ကျရောက်သည့် တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်ခဲ့မှု အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါသင်တန်းကို မတ် ၁၇ရက်မှ ၁၉ရက်အထိ ဖွင့်လှစ် ပို့ချခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

စာကြည့်တိုက် ရှင်သန်ခိုင်မာရေး ဟောပြော

ကလေး မတ် ၂

ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက်က ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူးများ ခေါင်းစဉ်ဖြင့်ဟောပြောပြီး သုတမင်းစာကြည့်တိုက်အတွက် စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းဆွေက ငွေကျပ်တစ်သိန်း တန်ဖိုးရှိ ဗီရိုနှစ်လုံးအား လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



သန်လျင် သာသနာ့ဗိမာန်တော်ဖွင့်ပွဲနှင့် ရေစက်ချပွဲကျင်းပမည်

သန်လျင် မတ် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့၏ သာသနာ့ကျက်သရေဆောင် မဟာအတုလသဒ္ဓမ္မရုံသီ သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချပွဲကို ဧပြီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းနှင့် သမဝါယမ ဒီဂရီကောလိပ်လမ်းထောင့်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ စည်းကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲနှင့်အတူ ညနေ ၅နာရီတွင် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပမည်ဖြစ်ရာ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးတွင် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းထားကြသည့် အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်)ကြွရောက်ကြရန် တည်ဆောက်ရေးအုပ်ချုပ်မှု ကော်မတီက ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပုလဲကတ္တရာလမ်းဖွင့်

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ အမှတ် (၆)ရပ်ကွက် စည်ပင်သာယာရေးနှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ခဲ့သည် ပုလဲလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၂ ရက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီ ဦးအေးမောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

ရေစက်ရုံစစ်ဆေး

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့်အဖွဲ့ မတ် ၂၄ရက်က ကျိုက်မရောမြို့ ရေဂါလန် ၆၀၀၀ဆံ့ မြို့ရေပေးရေး ရေစင်နှင့် ရေစက်ရုံအား လာရောက်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေစိုးကျော်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စပါးခွံလောင်စာသုံး ဇီဝဓာတ်ငွေ့မီးစက်တပ်ဆင်

ဖြူး မတ် ၂၆

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ဖြူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျေးလက်များ လျှပ်စစ်မီးလင်းရေး စီမံချက်အရ သာစုကန်ကျေးရွာအုပ်စုရပ်ကွက်ဥက္ကဋ္ဌ ဦးမန်းနီကူးရှ်မား ဦးဆောင်၍ စေတနာရှင် ဦးပရင်မနား၏ မတည်ငွေဖြင့် စပါးခွံလောင်စာသုံး အဆင့်မြင့်ဇီဝဓာတ်ငွေ့ မီးစက်ဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက် နံနက်က သာစုကန်ကျေးရွာ၌ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်ဆွေနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အလားတူ စပါးခွံလောင်စာသုံး အဆင့်မြင့် ဇီဝဓာတ်ငွေ့မီးစက်များအား မတ် ၁၈ရက်တွင် ဖြူးမြို့ ဘူတာတောင်ရပ်ကွက်၌လည်းကောင်း၊ မတ် ၂၁ရက် တွင် ဖြူးမြို့နယ် ဇီးခုံကျေးရွာနှင့် တံခွန်တိုင်ကျေးရွာတို့၌ လည်းကောင်း ဖွင့်လှစ်ပေးခဲ့ကြသည်။

(ဝ၅၁)

ပညာအလင်းစာကြည့်တိုက် အဆောက်အအုံဖွင့်

ကျိုက်ထို မတ် ၂၀

သထုံခရိုင် ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာအုပ်စု ချောင်းဝကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၆ ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံ ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်အား ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးပိုင်၊ ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် စာကြည့်တိုက်ကော်မတီနာယက ဦးသိန်းထိုက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လက်ခံ

ဆက်လက်၍ စာအုပ်စာစောင်နှင့် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ဘုန်းကြီးကျောင်းအတွင်း ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၄၀၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအုပ်စုဥက္ကဋ္ဌက စာအုပ်စာစောင် ၂၅အုပ်၊ စာကြည့်တိုက်ငွေပဒေသာပင် စိုက်ထူရန် ကျေးရွာမှ စုပေါင်းလှူဒါန်း ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေတောင်မြို့၌ ဈေးရောင်းပွဲကျင်းပ

ရွှေတောင် မတ် ၁၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို မတ် ၁၄ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့နယ် ရွှေနတ်တောင် ဗုဒ္ဓပူဇနိယပွဲယတော်၏ ဈေးပွဲတော်မုခ်ဦး၌ ကျင်းပသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော အထည်အလိပ်နှင့်လူသုံးကုန်ပစ္စည်းမျိုးစုံကို အရောင်းပြခန်းခြောက်ခု ခင်းကျင်းရောင်းချပေးပြီး မတ် ၁၄ရက်မှ ၂၃ရက်အထိ ဖွင့်လှစ်၍ အထူးဈေးရောင်းနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

2-4-08 (15).pmd 1 4/2/2008, 1:05 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၁

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မတ် ၃၁ ရက် ညနေ ၃ နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ခေတ္တတည်းခိုသည့် **Don Chan Palace Hotel**မှ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စားလှယ် စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး **Mr. Sitaheng Latsaphone**၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး **Mr. Kouily A. SOUPHAKHET** နှင့် တာဝန်ရှိသူများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွှန့်လှိုင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းဝင်း၊ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပို့ဆောင် နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စားလှယ် စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး Mr. Sitaheng Latsaphone ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဧပြီ ၁

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သာသနာတော်အလင်းတန်းကြီးအား ပီတိအဟုန်ဖြင့် စုံဆယ်ဖြာလက်ယှက်မိုး၍ ရှိခိုးဦးခိုက်ပူဇော်

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ကြီးမြတ်သောပူဇော်ခြင်း၊ ကျေးဇူးဆပ်ခြင်းဖြင့် ပူဇော်ကျေးဇူးဆပ်အပ်သည်မှာ မိမိနိုင်ငံ၊ မိမိလူမျိုးသာလျှင်ဖြစ်ပါ၏။ မှန်ကန်သော မျိုးချစ်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်တို့တွင် အခြားသူများကို နယ်ချဲ့ခြင်း၊ ကျူးကျော်ခြင်း မပါဝင်ပါပေ။ ကျူးကျော်နယ်ချဲ့ပါလျှင်လည်း မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်ဟူ၍ အမည်တပ်၍မရ၊ ဝိသမလောဘသမားတို့၏ ကိစ္စရပ်သာလျှင် ဖြစ်ပါလိမ့်မည်။

တက္ကသိုလ်လှမောင်၏ ဆောင်းပါး (စာ ၁၀)

မိုးရွာသွန်းမှု

၁-၄-၂၀၀၈

နေပြည်တော်	၀ ဒသမ ၁၂ လက်မ	သာယာဝတီ	၁ ဒသမ ၃၈ လက်မ
ပြင်ဦးလွင်	၁ ဒသမ ၈၉ လက်မ	ခရမ်း	၁ ဒသမ ၃၄ လက်မ
ဘားအံ	၁ ဒသမ ၄၆ လက်မ	ထားဝယ်	၁ ဒသမ ၂၂ လက်မ